စိတ်ကူးချိုချိုအနုပညာ

mgyee.com

# တင်ထွေး

## မိုးမြင့်မြင့်ထွား



၁၉၂၀–၂၀၂၀

ရာပြည့်ရန်ကုန်တက္ကသိုလ်အမှတ်တရ

တက္ကသိုလ်နောက်ခံဝတ္ထုများ

mgyee.com


ဒုတိယအကြိမ်

mgyoe.com

တကယ်တော့ တစ်ခါက ရန်ကုန်တက္ကသိုလ်၏
ကျောင်းသားလှုပ်ရှားမှုဖြစ်ရပ်များကို
မှတ်တမ်းတင်ခြင်း ပြုလိုသည်။
အတိတ်မှ ပန်းချီကားတစ်ချပ်ကို
ထင်းခနဲ တင်ပြလိုသော ဆန္ဒရှိသည်။

ထို့အပြင် 'မိုးမြင့်မြင့်ထွား' နှင့်ပတ်သက်၍
ဝန်ခံလိုချက်တစ်ခုမှာလည်း ရှိနေသေးသည်။
၁၉၅၆ ခု တစ်ဝိုက်ဆီတွင် မာလာဆောင်၌
ဒီအက်စ်အိုမလေး မခင်ချို (အချို) နှင့် မန္တလေးဆောင်တွင်
တပ်ဦးခေါင်းဆောင် ကိုကိုလတ်တို့ ရှိခဲ့ပါသည်ဟု
တစ်စုံတစ်ယောက်က ဆိုလာလျှင် . . .

စင်စစ်မှု ကျင်လည် ကျက်စားခဲ့ရသော ပတ်ဝန်းကျင်ကို
တစေ့တစောင်း 'ငုံ့' ကြည့်ခဲ့ခြင်းမျှသာ ဖြစ်ပါသည်။



ISBN9789997130686
HTWE6
9 789997 130686
2,200.00 KS

mgyoe.com

mgyoe.com

mgyoe.com

# မိုးမြင့်မြင့်ထွား

■ အောင်ပြည့်

[ "တက္ကသိုလ်နောက်ခံ မြန်မာဝတ္ထုများ"စာတမ်းမှ ]

. . . နောက် အောက်တိုဘာလှုပ်ရှားမှုနောက်ပိုင်း ၅၆ ခုနှစ်အခြေအနေကို အခြေခံတဲ့ ဝတ္ထုတစ်ပုဒ်ရှိပါတယ်။ အဲဒါက တင်ထွေးရဲ့ မိုးမြင့်မြင့်ထွား ပါပဲ။ ဒီဝတ္ထုဟာ ဇာတ်ကောင်နည်းနည်းလေးနဲ့၊ ဇာတ်လမ်း ကျဉ်းကျဉ်း လေးနဲ့ ဆွဲဆောင်မှုရှိတဲ့ ဝတ္ထုပါပဲ။ ဇာတ်လမ်းမှာ ကိုကို လတ်ရယ်၊ မခင်ချိုရယ်၊ အမာရယ် . . . ဒီဇာတ်ကောင် သုံးကောင်ပဲ အဓိကရှိပါတယ်။ ကိုကိုလတ်က တပ်ဦး ခေါင်းဆောင်တစ်ယောက်၊ မခင်ချိုက ပြင်းထန်တဲ့ ဒီ အက်စ်အိုမလေး၊ အမာက ကိုကိုလတ်ကို ကျိတ်ချစ်နေတဲ့ ရွက်ပုန်းသီးအချစ်သမလေး။ ဒီသုံးယောက်ရဲ့ သုံးပွင့်ဆိုင် ဇာတ်လမ်းကို ဆွတ်ပျံ့ဖွယ်ဖြစ်အောင် ရေးထားတာပါ။ ယုံကြည်ချက်ချင်း မတူတဲ့ ချစ်သူနှစ်ဦးရဲ့ အခက်အခဲတွေ၊ ကိုယ်ယုံကြည်ရာ ကိုယ်လှုပ်ရှားကြတဲ့ လေးနက်တဲ့ လှုပ် ရှားမှုတွေ၊ နောက်ဆုံး မိုးနဲ့အပြိုင် တင်စားလို့ရတဲ့ မေတ္တာ စစ် မေတ္တာမှန်တွေကို အရိုးဆုံးနဲ့ ဆန်းအောင်၊ အသိမ်မွေ့ ဆုံးနဲ့ ယဉ်အောင်၊ လှပတဲ့ အမှန်တရားကို ပြထားတာပါ။ အောင်မြင်တဲ့ ဝတ္ထုတစ်ပုဒ်လို့ ဆိုချင်ပါတယ်။ ။

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# မိုးမြင့်မြင့်ထွား
## တင်ထွေး

[ရာပြည့်ရန်ကုန်တက္ကသိုလ်အမှတ်တရ]

ဒုတိယအကြိမ်၊ ၂၀၂၀

mgyoe.com

mgyoe.com

မိုးမြင့်မြင့်ထွား။ တင်ထွေး
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၉၅ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ မတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၆၃ သောကြာစာအုပ်တိုက်၏ ပထမအကြိမ်မှ

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

## ရွက်ပုန်းသီးကလောင်များ

စာပေလောကတွင် အရေးပါအရာရောက်သော ကလောင်တစ်ချောင်း ဖြစ်ပါလျက် အပြင်သို့ မထင်ပေါ်ဘဲ ရွက်ပုန်းသီးဘဝဖြင့်ပင် စခန်းသိမ်းသွားကြရသူများ ရှိခဲ့သည်။

ထိုသူများသည် များသောအားဖြင့် အယ်ဒီတာများ ဖြစ်တတ်ကြ၏။ အယ်ဒီတာများသည် စာကို ပြင်ဆင် တည်းဖြတ်ရရုံမက မိမိကိုယ်စားပြုသော စာနယ်ဇင်း တို့တွင် ကိုယ်ပျောက်ကလောင် အမည်အမျိုးမျိုးဖြင့် လို အပ်သလို ရေးသားကြရသူများလည်းဖြစ်သည်။

စာနယ်ဇင်းခေတ်ဦးကမူ စာရေးဆရာများသည်ပင် ကိုယ်ပျောက် ရွက်ပုန်းသီး စာရေးဆရာများဖြစ်ခဲ့ကြ၏။ အကြောင်းမူကား စာနယ်ဇင်း ခေတ်ဦးအချိန်သည် ဝတ္ထု ရေးသူအား လူသိများမည်ကို စိုးရိမ်ခဲ့ရသော အချိန်ဖြစ် ခဲ့ပေသည်။ ဘာသာရေးစိတ်ဓာတ်၊ ဘာသာရေးစာပေ

mgyoe.com

mgyoe.com



လွှမ်းမိုးကွပ်ကဲခဲ့သော ထိုအချိန်က ချစ်ကြောင်း၊ ကြိုက်ကြောင်း၊ လောကအကြောင်းကိုရေးသော ဝတ္ထုဆိုသည်များကို ရေးခြင်း၊ ဖတ်ခြင်းဆိုသည်မှာ ဒုစရိုက်အလုပ်သဖွယ် ဖြစ်ခဲ့ပေသည်။

မြန်မာ့အလင်း မဂ္ဂဇင်းအယ်ဒီတာ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် သူ၏ကျော်ကြားသော ခင်မြင့်ကြီးဝတ္ထု၊ သန်းသန်းဝတ္ထု စသည်များကို ကလောင်အမည်မဖော်ပြဘဲ စတင်ရေးသားခဲ့ခြင်း ဖြစ်လေသည်။ နောင်မှ မန္တလေး မောင်ခင်မောင်ဟု အမည်တပ်ရဲလာခြင်း ဖြစ်သည်။

ကျွန်တော် ဆိုလိုသည်ကား အရေးပါ အရာရောက်ပါလျက် စာပေလောကရှေ့ပိုင်းသို့ မထွက်သော ရွက်ပုန်းသီးကိုယ်ပျောက်ကလောင်များအကြောင်း ဖြစ်ပေသည်။

'တင်ထွေး' သည်လည်း ရွက်ပုန်းသီး ကိုယ်ပျောက်ကလောင်တစ်ချောင်းပင် ဖြစ်ပေသည်။ အမှန်အားဖြင့် ကလောင်တစ်ချောင်းမဟုတ်၊ ကလောင်အတော်များများဖြစ်သည်။ အကြောင်းမူကား ဦးတည့်ရာ အမည်မျိုးစုံဖြင့် စာနယ်ဇင်းများစွာတို့တွင် ဆောင်းပါးစာမူများစွာကို ရေးခဲ့သူဖြစ်သောကြောင့် ဖြစ်ပေသည်။

လွန်ခဲ့သည့်လကမှ 'တင်ထွေး' သည် အမေရိကန် စီအိုင်အေ သူလျှိုအဖွဲ့ ဘာသာပြန်စာအုပ်ဖြင့် ပြည်သူ့အလင်းမှ စာပေဇာတ်ခုံပေါ်သို့ တက်လာသည်ကို တွေ့ရသည်။ ထိုစာအုပ် စွံသွားသဖြင့် အားတက်လာကာ ကလောင်လက်ပူတိုက်လာသည်ကို တွေ့ရသည်။ စီအိုင်

mgyoe.com

mgyoe.com



အေကဲ့သို့ အခြားဘာသာပြန်တစ်ပုဒ်ကို ပြန်ဆိုနေရင်းမှ ယခု 'မိုးမြင့်မြင့် ထွား' ကိုယ်ပိုင်ဝတ္ထုရှည်တစ်ပုဒ် ထွက်ပေါ်လာသည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့ရသည်။

သူ့လက်ရာသည် အရေးအသားတွင် အသားကျပြီးဖြစ်၏။ ထို့ကြောင့် အရေးအသားကို တာဝန်ယူသည်။ မိုးမြင့်မြင့်ထွား ကောင်း မကောင်းကိုမူ စာဖတ်သူက ဖတ်ရှုဆုံးဖြတ်ဖို့ ဖြစ်ပေသည်။

ရွှေဥဒေါင်း

၁၁-၇-၆၃

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## စကားဦး

လိုအပ်သည်ဟု ယုံကြည်သဖြင့် ဤအမှာစာကို ရေးသားခြင်းပြုရပါသည်။

တကယ်တော့ ဤဝတ္ထုနှင့်ပတ်သက်၍ ကျွန်တော့်အနေဖြင့် ရှင်းလင်းတင်ပြစရာ အချက်အနည်းငယ် ရှိနေပါသည်။

**'မိုးမြင့်မြင့်ထွား'** ကို ကျွန်တော်သည် ၁၉၅၆ ခုနှစ်ကတည်းက ရေးသားပြီးစီးခဲ့သည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် စာအုပ်တစ်အုပ်အနေနှင့် မထွက်ပေါ်နိုင်ခဲ့ဘဲ ယခုမှသာ စာအုပ်တစ်အုပ်အနေနှင့် ထွက်ပေါ်လာနိုင်လေတော့ပြီ...။

ထို့ကြောင့် ဟိုတုန်းက ရေးခဲ့သော **'မိုးမြင့်မြင့်ထွား'** သည် ယခုအခြေအနေတို့နှင့် ဆက်စပ် ထင်ဟပ်ချင်မှ ထင်ဟပ်ပေမည်။ ကွဲလွဲချက်များ ရှိကောင်းရှိမည်။ ဥပမာ၊ ၁၉၅၆ ခုနှစ်ဆီက ရန်ကုန်တက္ကသိုလ်ဝယ် ကျင့်သုံး

mgyoe.com

mgyoe.com



ခဲ့သော အခမဲ့ပညာရေးစနစ်နှင့်ပတ်သက်၍ ဝေဖန်ရေး သားခဲ့သည်။ တက္ကသိုလ်ပညာရေးသည် ထိုအခမဲ့စနစ် ကြောင့် ထိခိုက်၊ ချွတ်ချော်၊ နိမ့်ပါးခြင်းများ ဖြစ်ခဲ့ရသည်ဟု အပြစ်တင်ခဲ့သည်။ ယခုမူ အထက်တန်းများအထိသာ အခမဲ့ပညာရေးစနစ် ကျင့်သုံးပြီး တက္ကသိုလ်များနှင့် ကောလိပ်များတွင် ထိုအခမဲ့ပညာရေးစနစ်သည် မရှိ တော့...။

ထိုအခါ စာဖတ်သူတို့၏ စိတ်ထဲတွင် အခြေအနေ ချင်း မဟပ်မိ၍ စနိုးစနောင့် ဖြစ်သွားမည်ကို စိုးရိမ်လာမိ သည်။ သို့သော် **'မိုးမြင့်မြင့်ထွား'** နှင့်ပတ်သက်၍ ကျွန်တော့်တွင် အဓိကဖြစ်သော ရည်ရွယ်ချက် စေတနာ တစ်ရပ် ရှိထားသည်။ ထို့ကြောင့်လည်း ယခုမှ စာအုပ် အဖြစ် ထုတ်ဝေရသော 'မိုးမြင့်မြင့်ထွား' ကို ကြိုက်သလို ပြန်လည်ပြင်ဆင်ရေး နိုင်ပါလျက် ကျွန်တော်က ပြုပြင်ခြင်း မလုပ်တော့ဘဲ 'လွှတ်' လိုက်ခြင်း ဖြစ်သည်။

တကယ်တော့ တစ်ခါက ရန်ကုန်တက္ကသိုလ်၏ ကျောင်းသားလှုပ်ရှားမှုဖြစ်ရပ်များကို မှတ်တမ်းတင်ခြင်း ပြုလိုသည်။ အတိတ်မှ ပန်းချီကားတစ်ချပ်ကို ထင်းခနဲ တင်ပြလိုသော ဆန္ဒရှိသည်။

ထို့အပြင် **'မိုးမြင့်မြင့်ထွား'** နှင့်ပတ်သက်၍ ဝန်ခံ လိုချက်တစ်ခုမှာလည်း ရှိနေသေးသည်။

၁၉၅၆ ခု တစ်ပိုက်ဆီတွင် မာလာဆောင်၌ ဒီအက်စ် အိုမလေး မခင်ချို (အချို) နှင့် မန္တလေးဆောင်တွင် တပ်ဦး ခေါင်းဆောင် ကိုကိုလတ်တို့ ရှိခဲ့ပါသည်ဟု တစ်စုံ

mgyoe.com

mgyoe.com



တစ်ယောက်က ဆိုလာလျှင် မတော်တဆ တိုက်ဆိုင်မှု ကြောင့်သာ ဖြစ်ပါသည်ဟု ရိုးသားစွာ ဝန်ခံခြင်းပြုပါသည်။

စင်စစ်မူ ကျင်လည် ကျက်စားခဲ့ရသော ပတ်ဝန်းကျင်ကို တစေ့တစောင်း 'ငဲ့' ကြည့်ခဲ့ခြင်းမျှသာ ဖြစ်ပါသည်။

တင်ထွေး

၆–၇–၆၃

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# တစ်

၁၉၅၆ ခု၊ စက်တင်ဘာလ ၁၁ ရက်။

ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားတို့သည် သုံးခါကျ ကျောင်းထုတ် စနစ်ကို ကန့်ကွက်သောအနေဖြင့် အတွင်းဝန်ရုံးသို့ ချီတက်လာကြသည်။ သူတို့က သူတို့၏ ဆန္ဒပြပွဲကို 'ဆိတ်ငြိမ်ဆန္ဒပြပွဲ' ဟု နာမည်တပ်လာကြသည်။

သူတို့သည် မည်သည့်ကြွေးကြော်သံကိုမျှ မကြွေးကြော်၊ မအော်ဟစ်ဘဲ အားလုံး စည်းကမ်းတကျ နှစ်ယောက်တစ်တွဲ တွဲကာ *စပတ်လမ်းအတိုင်း တောင်မှ မြောက်သို့ ချီတက်လာကြလေသည်။ သူတို့သည် အသံဖြင့် တစ်ခွန်းတစ်ပါဒမျှ မပြောဘဲ သူတို့လက်ထဲတွင် ကိုင်ဆောင်လာသော ပိုစတာများဖြင့်သာ သူတို့ဆန္ဒတွေကို ဖော်ထုတ်ပြနေကြသည်။

"ကျွန်တော်တို့ကို စာသင်ခွင့်ပေးပါ၊ ကျွန်တော်တို့ စာသင်ချင်ပါတယ်..."

---

* ဗိုလ်အောင်ကျော်လမ်း

mgyoe.com

mgyoe.com


"ပညာရေး အသုံးစရိတ်ကို မြှင့်တင်ပေးပါ ..."

"သုံးခါကျ ကျောင်းထုတ်စနစ်ကို ပယ်ဖျက်ပေးပါ ..."

ထိုပိုစတာများကိုသာ ကျောင်းသားများက ဘေးတစ်ဖက်တစ်ချက်မှ ကြည့်နေသော လူထုမြင်ရန် မြှောက်မြှောက်ပြကြလေသည်။ ရှေ့ဆုံးမှ အသံချဲ့စက် တပ်ဆင်ထားသော ဂျစ်ကားကမူ သူတို့တစ်တွေ ဘယ့်အတွက်ကြောင့် ယခုလို ဆန္ဒပြ လှည့်လည်လာရသည်ကို ရှင်းပြလျက် ရှိသည်။

"အမိအဘ ပြည်သူအပေါင်းတို့ခင်ဗျား...

အခုအချိန်မှာဆိုရင် မိဘပြည်သူတို့ရဲ့ ရင်နှစ်သားသမီးကလေးများဖြစ်တဲ့ ရန်ကုန်တက္ကသိုလ်က ကျောင်းသူ ကျောင်းသားတွေဟာ သူတို့ အင်မတန် ရွံရှာမုန်းတီးနေတဲ့ သုံးခါကျ ကျောင်းထုတ်စနစ်ဆိုးကြီးကို ပယ်ဖျက်ရေးအတွက် အာဏာပိုင်များရှိရာ ဟောဒီအတွင်းဝန်ရုံးကြီးသို့ စည်းကမ်းတကျ ချီတက် ဆန္ဒပြလာနေကြပါပြီ ...

စာမေးပွဲ သုံးခါကျရင် ကျောင်းကထုတ်ပစ်တဲ့ ဟောဒီ သုံးခါကျ ကျောင်းထုတ်စနစ်ဆိုးကြီးဟာ ကျွန်တော်တို့ ကျောင်းသားလောကထဲကို ၁၉၅၃ ခုနှစ်ကတည်းက ဝင်ရောက်ခဲ့ပါတယ်။ ခုဆိုရင် ကျောင်းသားပေါင်း ၃၀၀၀ ကျော်ဟာ ဒီစနစ်ဆိုးကြီးကြောင့် အမိတက္ကသိုလ်ကြီးက ပညာသင်ချင်လျက်နဲ့ စာသင်ခန်းမတွေကို စွန့်လွှတ်သွားခဲ့ကြရပါပြီ။ ကျွန်တော်တို့တစ်တွေဟာ စာသင်ချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုပြောတဲ့အတိုင်း ကျွန်တော်တို့ဟာ အင်ဂျင်နီယာကြီးတွေ၊ သိပ္ပံပါရဂူကြီးတွေ၊ ဆရာဝန်ကြီးတွေ ဖြစ်ချင်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ကို ကျောင်းထုတ်မပစ်ပါနဲ့။ ကျွန်တော်တို့ကို ကျောင်းထုတ်ပစ်နေတဲ့ ဟောဒီ သုံးခါကျ ကျောင်းထုတ်စနစ်ဆိုးကြီးကို ပယ်ဖျက်ပေးပါလို့ ကျွန်တော်တို့က အလေးအနက် တောင်းဆိုပါတယ်...

mgyoe.com

mgyoe.com



ပြည်သူ့လွှတ်တော် အမတ်မင်းများခင်ဗျား၊ အမတ်မင်းများကို တိုင်းပြည်နဲ့ လူထုအကျိုး သယ်ပိုးဆောင်ရွက်ဖို့ ကျွန်တော်တို့ တိုင်းသူပြည်သားတွေက ရွေးကောက်တင်မြှောက်လိုက်ကြခြင်း ဖြစ်ပါတယ်။ ဒီကနေ့ ပြည်သူ့အညွန့်အဖူးကလေးများ ဖြစ်ကြတဲ့ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားတွေ ခံစားနေရသော သုံးခါကျ ကျောင်းထုတ်စနစ်ဟာ... တိုင်းပြည်ထူထောင်ရေးနှင့်လည်းကောင်း၊ ပညာရေးနှင့်လည်းကောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံစည်းမျဉ်းနှင့်လည်းကောင်း ပတ်သက်လျက် ရှိပါတယ်။ ဒါကြောင့် ဒီအရေးကိစ္စမှာ လူကြီးမင်းများက လက်ပိုက်ကြည့်မနေဘဲ သုံးခါကျ ကျောင်းထုတ်စနစ် ပယ်ဖျက်ရေးအတွက် ကျွန်တော်တို့တစ်တွေ တောင်းဆိုချက်ကို ဆောင်ရွက်ပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံပါတယ်ခင်ဗျား”

အသံချဲ့စက်အတွင်းမှ အသံသည် ပြတ်သားစွာ ထွက်ပေါ်လာလေသည်။

ကျောင်းသားတို့သည် တလှုပ်လှုပ် ချီတက်လာရာမှ စပတ်လမ်းနှင့် *ဖရေဇာလမ်းခွကိုကျော်ဖြတ်ကာ တောင်မှမြောက်သို့ ဆက်လက်ချီတက်ကြပြန်သည်။ ဖရေဇာလမ်းကို ဖြတ်လိုက်သည်ဆိုလျှင် လေးဖက်လေးတန်မှလာသော ကားများမှာ ရပ်ထားပေးကြရသည်။ ရုံးတက်အချိန်ဖြစ်၍လည်း ထိုနေရာတစ်ဝိုက်တွင် ကားများရှုပ်နေ၏။ ထိုအထဲတွင် အမာ စီးလာသော ပုစွန်တံဆိပ် သမဝါယမကားလည်း ပါခဲ့သည်။

အမာတို့ကားသည် အခြားကားများနှင့်အတူ ရပ်ထားလိုက်ရကာ ကျောင်းသားများလွန်အသွားကို စောင့်နေရ၏။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများ လှည့်လည်ဆန္ဒပြနေကြသည် ဆိုကတည်းက အမာသည် သူ့ ကိုကိုလတ်ကို ပြေး၍သတိရသည်။ ချက်ချင်းပင် အမာက

* အနော်ရထာလမ်း

mgyoe.com

mgyoe.com


ကားပေါ်မှဆင်းပြီး လမ်းဘေးပလက်ဖောင်းမှရပ်ကာ ကျောင်းသားတန်းကြီးကို ကြည့်လေ၏။ စင်စစ်တော့ သူ့ ကိုကိုလတ်အား အမာက ရှာနေခြင်းသာ ဖြစ်လေသည်။

ဒီလို ဆန္ဒပြပွဲမျိုးတွင် သူ့ ကိုကိုလတ်မပါဘဲ ဘယ်နည်းနှင့်မှ မနေဟု အမာက ယုံကြည်သည်။ တကယ်တော့ ကိုကိုလတ်သည် ကျောင်းသားခေါင်းဆောင်တစ်ယောက် မဟုတ်ပါလော...။

ပထမဆုံး အမာက ကိုကိုလတ်ကို ရှေ့ဆုံးမှ အသံချဲ့စက်ကားတွင် ရှာလေသည်။ ကိုကိုလတ်က စကားပြောကောင်းသည်။ တရားဟောကောင်းသည်ဟု အမာသိထားသည်။ သူကိုယ်တိုင် ကိုကိုလတ် တရားဟောသည်ကို မမြင်ဖူးသော်လည်း သူ့မိတ်ဆွေအချို့က ကိုကိုလတ် တရားဟောလျှင် လည်ပင်းကြောကြီးများပင် ထောင်လာတတ်သည်ဟု ပြောခဲ့ဖူးကြသည်။ ထို့ကြောင့်လည်း ရှေ့ဆုံးမှ ဂျစ်ကားထဲသို့ ကြည့်မိခြင်းဖြစ်၏။ သို့သော်... ထိုကားပေါ်တွင် ကိုကိုလတ်ကို မတွေ့ရချေ။

ကားနောက်မှ အလံကိုင်ကျောင်းသားများထဲတွင် ရှာပြန်သည်။ ထိုအထဲတွင်လည်း ကိုကိုလတ်မှာမပါ။ သူ့ရှေ့မှ ဖြတ်လျှောက်သွားသော ကျောင်းသားများမျက်နှာကို အမာက သေသေချာချာ ကြည့်၏။ ကိုကိုလတ် အစအနကိုပင် မတွေ့ရချေ။ ဒါပေမဲ့ တွေ့ချင်တော့လည်း ကိုကိုလတ်သည် သူ့ထံ ရောက်လာလေသည်။ အမာက မမြင်၍ ကိုကိုလတ်ကပင် သူ့ကို စတင်ကာ ခေါ်ရလေသည်။

"ဟော့... အမာ..." ဟု ကိုကိုလတ်က သူ့ကို အော်ခေါ်လိုက်ပြီး အနားသို့လာ၏။ ကိုကိုလတ် လက်ထဲတွင်မူ "မိဘပြည်သူများနှင့် ပြည်သူ့လွှတ်တော်အမတ်မင်းများသို့ ပန်ကြားချက်" ကြေညာစာတမ်းများကို ကိုင်ထားသည်။

mgyoe.com

mgyoe.com


အမာသည် ကိုကိုလတ်ကို တွေ့ရသောအခါ အားရပါးရ ပြုံးမိသည်။

"အမာလည်း အစ်ကို့ကို လိုက်ရှာနေတာပဲ..."

"အစ်ကို ဒါတွေ လိုက်ဝေနေရတယ်ကွ..."

အနီးအနားမှ လူများကတောင်းကြ၍ ကိုကိုလတ်က သူ့လက်ထဲမှ ကြေညာစာတမ်းများကို ဝေငှလိုက်ရသည်။

"အစ်ကိုတို့ ဘာအတွက် လှည့်လည်ပွဲ လုပ်လာကြတာလဲဟင်..." ကိုကိုလတ် သူ့နားသို့ ပြန်ရောက်လာသောအခါ အမာက သူသိချင်သည်ကို စမေး၏။

"စာမေးပွဲ သုံးခါကျရင် ကျောင်းကထုတ်ပစ်တဲ့ စနစ်ဆိုးကြီးကို ပယ်ဖျက်ပေးဖို့ ဒီအတွင်းဝန်ရုံးကို လာဝိုင်းကြတာပဲ အမာ။ ဒါပေမဲ့ အစ်ကိုတို့က ဘယ်လိုကြွေးကြော်သံကိုမှ မကြွေးကြော်ဘူး။ စကားတစ်ခွန်းမှမပြောဘဲ ငြိမ်ငြိမ်သက်သက်ပဲ ဆန္ဒပြကြမယ်။ အစ်ကိုတို့ ခံစားရချက်တွေ၊ စိတ်မကောင်းမှုတွေကို အမူအရာနဲ့ ထုတ်ဖော်ပြကြမယ်..."

"ဒီကပြီးရင် အစ်ကိုတို့ ဘယ်သွားကြဦးမှာလဲ..."

"ဒီစပတ်လမ်းမှာ အစ်ကိုတို့ တစ်နာရီနီးပါး ဆိတ်ငြိမ်ဆန္ဒပြကြမယ်။ အဲဒီအတွင်းမှာ ဒီကြေညာချက်တွေကို အမတ်တွေဆီ အရောက်ပို့မယ်။ နောက် အတွင်းဝန်ရုံးကို တစ်ပတ်ဝိုင်းပြီး ဗန္ဓုလပန်းခြံကို သွားကြမယ်... ကဲ... ကဲ... အချိန်သိပ်မရှိဘူး အမာ... အစ်ကိုသွားဦးမယ်..."

"အိမ်ကို လာခဲ့ပါဦးလား အစ်ကို၊ ဖေဖေလည်း နယ်ထွက်နေရတယ်..."

"အေး... အားရင်လာခဲ့မယ်လေ... ဩော်... ရော့.... ရော့.... ဒီဟာကို သေသေချာချာ ဖတ်ထားဦး..."

mgyoe.com

mgyoe.com


ကိုကိုလတ်က ကြေညာစာရွက်တစ်ရွက် ပေးသောအခါ အမာသည် ပြုံးပြီးယူလိုက်လေသည်။ ထို့နောက် လှည့်ထွက်သွားသော ကိုကိုလတ်ကိုကြည့်ကာ ကျန်ရစ်ခဲ့သည်။

ကျောင်းသားတို့သည် လမ်းလျှောက်ချီတက်နေရာမှ ရပ်လိုက်ကြကာ အတွင်းဝန်ရုံးဘက်သို့ မျက်နှာမူလိုက်ကြသည်။ သူတို့သည် လက်ထဲတွင်ကိုင်ထားသော ပိုစတာများကို မြင့်သထက်မြင့်အောင် မြှောက်ပြကြသည်။ အသံချဲ့စက်မှအသံသည် ပို၍ကျယ်လာသည်။ တင်းမာလာသည်။ ပညာသင်ကြားရေးအတွက် ကျောင်းသားတို့ အရေးဆိုပွဲပါတကား...။

ထိုပွဲကို အမာက အစအဆုံး ကြည့်လို၏။ သူ့ ကိုကိုလတ် ပြောပြ၍လည်း ရန်ကုန်တက္ကသိုလ်ကျောင်းသားတို့၏ လှည့်လည်ဆန္ဒပြပွဲများမှာ စိတ်ဝင်စားစရာကောင်းကြောင်း သိထားသည်။ ဒါပေမဲ့ သူကိုယ်တိုင်တော့မှု ခုလိုတစ်ခါမှ မျက်မြင်ကိုယ်တွေ့ မရှိခဲ့ချေ။ ကိုကိုလတ်ပြောပြသမျှ စိတ်ဝင်စားစွာ နားထောင်ရသည်ကလွဲ၍ သူတစ်ခါမှ မကြုံကြိုက်ခဲ့ဖူးချေ။ ထို့ကြောင့် ခုလိုကြုံကြိုက်တုန်း အမာက အစအဆုံး ကြည့်လိုခြင်းဖြစ်၏။ ဒါပေမဲ့ သူ့မှာက မလွှဲမရှောင်သာသော ဝတ္တရားကြီးက ရှိနေသည်။ ရုံးချိန်နောက်ကျ၍မဖြစ်။ အထက်လူကြီးများ၏ အငြိုအငြင်ကို အမာ မခံဝံ့ပေ။ အမာသည် စာရေးမလေးတစ်ဦးသာဖြစ်သည်။ အမာသည် ကျောင်းသားတန်းကြီးအား ဆုံးအောင်လျှောက်ကာ စပတ်လမ်းကိုဖြတ်၍ တရားလွှတ်တော်ရုံးသို့ လာခဲ့သည်။ ခုလို ကျောင်းသားများဆန္ဒပြပွဲကို မျက်မြင်ကိုယ်တွေ့ မြင်လာရသောအခါ အမာသည် ဟိုတုန်းကထက် ကျောင်းသားလှုပ်ရှားဆန္ဒပြမှုကို စိတ်ဝင်စားလာလေတော့သည်။ သူကိုယ်တိုင်ပင် ထိုသို့သော ဆန္ဒပြပွဲတွင် ပါဝင်ဆင်နွှဲချင်သော စိတ်ထားများ ကိန်းအောင်းလာတော့၏။ ဒါပေမဲ့ သူ

mgyoe.com

mgyoe.com



သည် အလုပ်သမားတစ်ယောက် ဖြစ်နေသေးသည်က ခက်၏။

အမာသည် သူ့ကိုယ်သူ ကျောင်းသားစစ်စစ်တစ်ယောက်ဖြစ်ရန် ကြိုးစားခဲ့လေသည်။ ဒါပေမဲ့ အမာက ဉာဏ်ထိုင်း၍ပေလော မသိ။ တက္ကသိုလ်ဝင်သင်တန်းကို နှစ်နှစ်တိုင်တိုင် ကျခဲ့လေသည်။ ထိုကတည်းက အမာသည် စာရေးမဘဝသို့ ရောက်ခဲ့ရလေတော့သည်။ သို့သော် အမာသည် ကျောင်းသားစိတ်တော့ မကုန်ချေ။ တက္ကသိုလ်ဝင်တန်းကို အောင်မြင်ပြီးလျှင် သူသည် ကျောင်းသားစစ်စစ်တစ်ယောက် ပြန်ဖြစ်ရမည်ဟု ယုံကြည်ထားသည်။ ထို့ကြောင့်လည်း အမာသည် ဒီနှစ်မက်ထရစ်ကို မလျှော့သောလုံ့လဖြင့် ဖြေဆိုရန် စိုင်းပြင်းခဲ့ပေသည်။ ဒီအတောအတွင်းတွင်လည်း သူ့ ကိုကိုလတ်ထံမှ ကျောင်းသားရေးရာများကို ကြားသိနေရသည်ဖြစ်၍ အမာသည် ကျောင်းသားလောကကို ပို၍ခုံမင်ခဲ့လေသည်။ သူ့ ကိုကိုလတ်တစ်ယောက်လုံးက ကျောင်းသားခေါင်းဆောင်တစ်ယောက် ဖြစ်နေသည်ကလည်းတစ်ကြောင်းကြောင့် အမာသည် သူ့ဘဝနှင့် မဆက်စပ်မိသော ကျောင်းသားလောကကို စိတ်ဝင်စားခြင်းပင်ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ ခုလို ကျောင်းသားတွေ၏ လှုပ်ရှားမှုကို ကိုယ်တိုင်တွေ့ရသောအခါ သူ့ယုံကြည်ချက်တို့မှာ မြင့်မားလာလေတော့သည်။ ထို့ကြောင့်လည်း ရုံးသို့ရောက်သောအခါ သူ့သူငယ်ချင်း ရီရီအား အမာက သူတွေ့ခဲ့ရသည်များကို အားပါးတရ ပြောလေတော့သည်။

ရီရီကမူ အမာပြောသမျှကို မျက်လုံးကလေးအဝိုင်းသားနှင့် ငေးကာ နားထောင်၏။ အမာ့လောက် ကျောင်းသားရေးရာကို နားမလည်ပေမဲ့ အမာက အားရပါးရပြောနေ၍ ရီရီမှာလည်း စိတ်ဝင်စားလာရသည်။

"သူတို့ ဗန္ဓုလပန်းခြံမှာ လာစုကြဦးမတဲ့။ အချိန်ရရင် အမာတို့ သွားကြည့်ရအောင်နော်... အစ်ကိုတစ်ယောက် ထမင်းမှ စားရသေးရဲ့

mgyoe.com

mgyoe.com



လား မသိဘူး..."

"သွားလို့ ဖြစ်ပါ့မလား အမာရယ်... ကျောင်းသားတွေကြားထဲမှာ ကိုယ်တို့နှစ်ယောက်ထဲဆိုတော့..."

"အို... ကျောင်းသူတွေလည်း ပါပါတယ် ရီရယ်၊ ပြီးတော့ အစ်ကို တစ်ယောက်လုံးရှိနေတာပဲ၊ ရီလည်း အစ်ကို့ကို တစ်ခါမှမတွေ့ဖူးဘူး မဟုတ်လား။ အမာ မိတ်ဆက်ပေးမယ် ဟုတ်လား"

ရီရီက ပြုံးကာ ငြိမ်နေလိုက်သည်။ တက္ကသိုလ်မှ ကျောင်းသား ခေါင်းဆောင်တစ်ယောက်နှင့် သိကျွမ်းရမည်ကိုတော့ ရီရီတို့လို စာရေးမ ကလေးတွေက လိုလားကြလေသည်။

ကျောင်းသားတွေ ဗန္ဓုလပန်းခြံထဲသို့ ရောက်သောအခါ အမာနှင့် ရီရီသည် ရုံးမှလစ်၍ ထွက်ခဲ့ကြသည်။ ကျောင်းသားအုပ်ကြီးသည် ပန်းခြံ၏ တောင်ဘက်ထောင့်တွင် စုရုံးစုရုံးနှင့် ရှိနေကြ၍ အမာတို့က ထိုဘက်သို့ သွားကြသည်။ ဒါပေမဲ့ အနားရောက်ပြန်တော့ ကျောင်းသား ထုကြီးအနီးသို့ အမာတို့ မကပ်ဝံ့ကြချေ။ သူတို့သည် ကျောင်းသားထု ကြီးနားမှ မသိမသာ ဆုတ်ခဲ့ကာ လွတ်လပ်ရေးကျောက်တိုင် လှေကား ထစ်ကလေးတွေပေါ်သို့ တက်ရပ်ပြီး ကိုကိုလတ်ကို ရှာကြရပြန်သည်။

"မတွေ့ရင်လည်း ပြန်ကြစို့ အမာရယ်၊ ကြောင်က ကြောင်နဲ့"

ရီရီသည်ပင် စိတ်ပျက်စပြုလာသည်။

"ခဏလောက်နေပါဦး ရီရယ်...သူတို့တစ်တွေ ထမင်းထုပ်တွေ ယူနေကြလို့ လူစုနေကြတာပါ။ လူရှင်းသွားတော့ ရှာကြတာပေါ့၊ ဟိုမှာ လည်း ကျောင်းသူတွေ ရှိသားပဲဟာ၊ သတ္တိမကြောင်စမ်းပါနဲ့ ရီရာ..."

ဒီတစ်ခါတွင်လည်း ကိုကိုလတ်ကပင် အမာကို စတွေ့လေသည်။ အမာ့ကို တွေ့သည်ဆိုလျှင် ကိုကိုလတ်သည် ထမင်းထုပ်ကိုပင် မယူ တော့ဘဲ လူအုပ်ထဲမှထွက်ကာ အမာ့ထံလာခဲ့၏။ အမာကလည်း အဝေး

mgyoe.com

mgyoe.com


ကြီးကတည်းက ကိုကိုလတ် လာသည်ကိုမြင်၏။

"ဟောဟိုမှာ... အစ်ကိုလာပြီ" ဟု အမာသည် ဝမ်းသာအားရ ပြောမိသည်။

အနားရောက်လျှင် ကိုကိုလတ်က အမာ့ဘေးမှ ရီရီကို အကဲခတ်ကြည့်လိုက်သည်။

ထိုအခါတွင်ပင် အမာက ရီရီနှင့် မိတ်ဆက်ပေးသည်။

"သြော်... မေ့လို့ အစ်ကို၊ ဒါ အမာ့သူငယ်ချင်း၊ အမာနဲ့ လုပ်ဖော်ကိုင်ဖက် ရီရီတဲ့၊ ရီ... ဒါ အမာ ပြောပြောနေတဲ့ ကိုလတ်လေ..."

ကိုကိုလတ်တို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပွင့်ပွင့်လင်းလင်း ပြုံးကြလေသည်။

"အမာနဲ့ လုပ်ဖော်ကိုင်ဖက်ဆိုတော့ အမာ့ကို ဆုံးမရတာ တော်တော်လေး ပါးစပ်ညောင်းမှာပေါ့၊ ဒီကောင်မလေးက တစ်ခါတစ်ခါ သိပ်ဆိုးတာ..."

အမာက "အမယ်...အမယ်" ဟု ဆိုကာ ကိုကိုလတ်ကို မျက်စောင်းထိုးလေသည်။

"ဒါနဲ့ အမာတို့ ခုဘယ်သွားကြမလို့လဲ"

"အစ်ကို့ဆီ တမင်လာတာပဲ..."

"ကဲ... ဒါဖြင့်လာ၊ ဟို... သစ်ပင်အောက်သွားရအောင်၊ ဒီက နေပူတယ်..."

သူတို့တစ်တွေသည် အရိပ်ကောင်းသော သစ်ပင်အောက်သို့ ဝင်လိုက်ကြသည်။ အမာက ကိုကိုလတ်ကို သေသေချာချာစိုက်ကြည့်ပြီး...

"အစ်ကိုလည်း တော်တော်ပင်ပန်းနေပြီထင်တယ်...၊ ဒါနဲ့ အားလုံး အောင်အောင်မြင်မြင်ပဲလား အစ်ကို..."

"ခုချိန်ထိတော့ အားလုံး ချောချောမောမော အောင်အောင်မြင်မြင်

mgyoe.com

mgyoe.com


ပါပဲ။ လွှတ်တော်ဟာ နာရီဝက်ပြည့်အောင်တောင် မကျင်းပနိုင်ဘဲ နောက်တစ်နေ့ကို ရွှေ့ဆိုင်းလိုက်ရတယ် အမာ... ပြီးတော့ အစ်ကိုတို့ရဲ့ ကျောင်းသားအမတ် ဦးကျော်ကလည်း သုံးခါကျ ကျောင်းထုတ်စနစ် ပယ်ဖျက်ရေးအတွက် လွှတ်တော်ထဲမှာ အစွမ်းကုန်တိုက်ပါ့မယ်လို့ ကတိပေးသွားတယ်၊ ဒါတွေဟာ အစ်ကိုတို့ရဲ့ အောင်မြင်မှုပဲ။ ဒါပေမဲ့ ဒီကနေ့ လှုပ်ရှားမှုရဲ့ ခရီးစဉ်ဟာ မဆုံးသေးဘူး... ဆက်ရဦးမယ်"

"ဟင်... အစ်ကိုတို့ ဘယ်ကိုသွားကြဦးမလို့လဲ၊ ဝင်ဒါမီယာကိုလား..."

ကိုကိုလတ်က အမာ့ကိုကြည့်ကာ ပြုံးလိုက်သည်။

"မဟုတ်ပါဘူး အမာရဲ့၊ အစ်ကိုတို့ ဒီကနေ မော်တော်ကားတွေနဲ့ ရန်ကင်းကောလိပ်နဲ့ ထီးတန်းကောလိပ်ကိုသွားပြီးတော့ အစ်ကိုတို့ရဲ့ အောင်မြင်မှုကို တင်ပြကြဦးမယ်..."

ထမင်းထုပ်များကိုကိုင်ကာ ကျောင်းသားတစ်စုသည် သူတို့အနီးမှ ဖြတ်သွားသည့်အတွက် သူတို့သည် စကားပြတ်သွားကြသည်။

"ဩော်... ဒါနဲ့ အစ်ကို ထမင်းစားပြီးပြီလား..."

"မစားရသေးဘူး... ခုန စားမလို့ ထမင်းထုပ် သွားယူတာပဲ၊ အမာတို့ တွေ့တာနဲ့ ဒီဘက်ထွက်လာတာ..."

ဒီတော့မှ ငြိမ်နေသော ရီရီက ဝင်ပြောလေသည်။

"အို... ဒီလိုဆိုရင် အားနာစရာကောင်းနေပြီ။ သွားစားပါလား ကိုကိုလတ်၊ သူများတွေတောင် စားလို့ပြီးကုန်ကြပြီ"

"အခုကျမှတော့ မစားတော့ပါဘူးလေ၊ လုပ်စရာတွေကလည်း ရှိနေသေးတော့ ပြီးမှပဲ အေးအေးဆေးဆေး စားတော့မယ်..."

အမာကမူ ထမင်းထုပ်ဝေနေသော ကျောင်းသူများကို စိုက်ကြည့်နေသည်။ သူသာ တက္ကသိုလ်ကျောင်းသူတစ်ယောက်ဖြစ်ခဲ့လျှင် ခုလို

mgyoe.com

mgyoe.com


ထမင်းထုပ်ဝေနေသောသူများထဲတွင် ပါဝင်မည်သာဖြစ်၏။

"ဒီထမင်းထုပ်တွေက ဘယ်ကရလာတာလဲ အစ်ကို..."

"ကျောင်းမှာရှိတဲ့ အဆောင်တွေက ကူညီကြတာပဲ၊ အင်းလျား ကျောင်းဆောင်က ခေါက်ဆွဲထုပ်တွေ ကူညီတယ်။ အဲဒီ ခေါက်ဆွဲထုပ် တွေထဲမှာလည်း အစ်ကိုတို့ အားတက်စေဖို့အတွက် 'အောင်မြင်ပါစေ' ဆိုတဲ့ စာတန်းကလေးတွေ ထည့်ပေးကြသေးတယ်။ ရတနာနဲ့ သီရိက ကျောင်းသူတွေက ထမင်းထုပ်တွေအပြင် လူအင်အားအနေနဲ့လည်း ထမင်းထုပ်တွေ လာထုပ်ပေးတယ်။ ဒီမှာလာပြီး ဝေငှပေးတယ်။ ယောကျ်ားကလေး ကျောင်းဆောင်တွေကဆိုရင်လည်း သထုံကျောင်း ဆောင်ကလွဲလို့ အားလုံး အစ်ကိုတို့ကို အားပေးကူညီပြီး လှုပ်ရှားမှုထဲ လည်း ပါဝင်ခဲ့တယ်..."

"အစ်ကို့ မခင်ချိုကကောဟင်..."

ကိုကိုလတ်က ပြုံးလိုက်လေသည်။

"အစ်ကို့ မခင်ချိုရယ်လို့ မဆိုပါနဲ့ အမာရယ်... အချိုနဲ့ အစ်ကိုက တစ်လမ်းစီပါ။ အခုကိစ္စမှာလည်း ထုံးစံအတိုင်း သူက အစ်ကိုတို့နဲ့ ဆန့်ကျင်တယ်လေ။ ဒီကိစ္စထဲမှာတောင် အစ်ကိုမပါဖို့ သူကတားသေး တယ်။ အစ်ကို့သဘောကို ဘယ်သူမှ ကန့်ကွက်လို့မရဘူး။ သူတို့ မာလာဆောင်က အစ်ကိုတို့ကို အားမပေးတဲ့အပြင် သူတို့အဆောင် အမှုဆောင်တွေက အစ်ကိုတို့ ဒီကနေ့ ဆန္ဒပြပွဲဟာ နိုင်ငံရေးဆန္ဒပြပွဲ လို့ ထုံးစံအတိုင်း စွပ်စွဲပြီး ကြေညာချက်တွေ ထုတ်နေတယ်။ ဒီလိုပေါ့ လေ၊ အကူရှိရင် အဖျက်လည်းရှိရမှာပေါ့"

"ခုလို ကျောင်းသူတွေကို မြင်ရတော့ အမာ သိပ်ပြီးအားကျတာပဲ၊ အမာလည်း အစ်ကိုတို့နဲ့အတူတူ ဝင်နွှဲချင်တယ်၊ အင်း... ဒီဘဝကို ဘယ်တော့မှရောက်မလဲမသိဘူး..."

mgyoe.com

mgyoe.com


"ဒီနှစ်ဆိုရင် ရောက်တော့မှာပေါ့ အမာရယ်...ကြိုးစားပေါ့၊ အမာ့လို လူမျိုးကို အစ်ကိုတို့က ဝမ်းပန်းတသာနဲ့ ကြိုဆိုပါ့မယ်..."

အမာက ကိုကိုလတ်ကို သေသေချာချာ စိုက်ကြည့်လိုက်ပြန်သည်။

"အစ်ကို အိမ်ကိုလာခဲ့ပါဦးနော်... ဖေဖေမရှိတော့ အိမ်မှာ အမာတို့သားအမိသုံးယောက်တည်းရယ်... မေမေကတောင် အစ်ကိုမလာလို့ မေးမေးနေသေးတယ်။ ဒီတနင်္ဂနွေမှာ အစ်ကို လာခဲ့ပါလားဟင်၊ ဝက်သားဟင်း ချက်ထားမယ်၊ အဆီများများနဲ့လေ..."

"အားရင်တော့ လာခဲ့မယ်လေ... အသေအချာတော့ မပြောနိုင်သေးဘူး၊ ရွေးကောက်ပွဲအတွက် ခုကတည်းက ပြင်ဆင်မှုတွေ လုပ်နေရပြီ၊ ပြီးတော့ တပ်ဦးညီလာခံအတွက်ကလည်း လုပ်ရဦးမယ်၊ ဒီတော့ အစ်ကို အားရင်လာခဲ့မယ် ဟုတ်လား"

အမာက မကျေနပ်ဟန်ဖြင့် ဘာမျှပြန်မပြောချေ။

"ကဲ... အစ်ကိုသွားဦးမယ် အမာ... ကျွန်တော် သွားဦးမယ် ရီရီ..."

သူတို့နှစ်ယောက်က ပြုံးတူပင် ခေါင်းကလေးတွေ ညိတ်လိုက်ကြသည်။

"ဒါပဲနော်... အစ်ကို၊ အားရင်လာခဲ့ရမယ်၊ အမာစောင့်နေမယ် ဟုတ်လား..."

"အေးပါဟယ်... အားရင်လာခဲ့ပါ့မယ်..."

ကိုကိုလတ် ထွက်သွားလျှင် အမာတို့ကလည်း ရုံးပေါ်သို့ ပြန်တက်ကြ၏။ လမ်းတွင် ရီရီက ကိုကိုလတ်ကို ထင်မြင်ချက်ပေးလေသည်။

"အမာ့ ကိုကိုလတ်က စကားပြောကောင်းတယ်နော်...ဒါကြောင့် မို့လည်း ခေါင်းဆောင်ဖြစ်နေတာပဲ။ ခေါင်းဆောင်ဆိုတာကလည်း

mgyoe.com

mgyoe.com



စကားပြောကောင်းမှ စည်းရုံးရေးမှာ ကျယ်ပြန့်နိုင်တာပဲ မဟုတ်လား၊ ဒါနဲ့ မခင်ချိုဆိုတာက ဘယ်သူလဲ မာ..."

"မခင်ချို ဆိုတာက မာတို့... မသိပါဘူးကွာ၊ သူတို့ဟာ မရှင်းမရှင်းနဲ့၊ အစ်ကိုကပြောတော့လည်း ဘာမှမဟုတ်ပါဘူးတဲ့။ သူနဲ့လည်း ယုံကြည်ချက်ချင်းမတူလို့ အမြဲတမ်း တစ်ယောက်နဲ့တစ်ယောက် အဆင်မပြေဘဲ ကတောက်ကဆ ဖြစ်နေကြတာပဲတဲ့။ ဒါပေမဲ့ သူတို့နှစ်ယောက်ကို အင်းလျားကန်ပေါင်မှာ ညနေဘက်တွေမှာ တွေ့ရတတ်တယ်လို့ ကျောင်းမှာရှိတဲ့ မာ့သူငယ်ချင်းတွေက ပြောကြတယ်။ မာ သေသေချာချာ မေးတော့ ရိုးရိုးခင်တာပါတဲ့။ အလကား ညာတာပါ၊ မမေးနဲ့ကွာ၊ ဒီအကြောင်း စကားစဖြတ်လိုက်ရင် ကောင်းပါတယ်"

ထိုခဏတွင် အိုသွားသော အမာ့မျက်နှာလေးကို ရီရီကပင် တအံ့တသြနှင့် ကြည့်လိုက်မိသည်။ အမာက မကြိုက်ဟု ဆိုပြန်တော့လည်း ရီရီသည် အလိုက်သိစွာပင် သူ့စကားကို မဆက်တော့ချေ။ ဒါပေမဲ့ သူ့စိတ်ထဲကမူ ဘာဖြစ်လို့ မကြိုက်တာပါလိမ့်၊ ဘာဖြစ်လို့ အမာက မခင်ချိုအကြောင်းကို မပြောချင်တာပါလိမ့် ဟူသော မေးခွန်းတွေကို မေးကြည့်နေမိ၏။

ဟုတ်သည်။ အမာကိုယ်တိုင်ကလည်း ထိုမေးခွန်းမျိုးကို သူ့ဘာသာ ပြန်မေးခဲ့သည်မှာ ကြာပါပြီ...။

"ဘာဖြစ်လို့ ငါဟာ တစ်ခါမှ မမြင်ဖူးတဲ့ မခင်ချိုကို မလိုလားနေရတာလဲ၊ အစ်ကို့ကိုပင် မခင်ချိုနဲ့ ပတ်သက်လာရင် ငါက ဘာဖြစ်လို့ ဒေါပွရတာလဲ..."

အဖြေသည် ပြတ်ပြတ်သားသား ပေါ်မလာချေ။

* * *

mgyoe.com

mgyoe.com

# နှစ်

ဆိတ်ငြိမ်ဆန္ဒပြပွဲမှ အပြန်လမ်းတွင် မိုးမိ၍ ကိုကိုလတ်သည် အိပ်ရာထဲတွင် နှစ်ရက်မျှ လဲလေတော့၏။ တစ်နည်းအားဖြင့်တော့လည်း ဖျားပြီး အိပ်ရာထဲတွင် လဲနေရခြင်းကို ကိုကိုလတ်က ကျေနပ်မိသလို ပင်...။

တကယ်တော့ ဒီနှစ်ရက် အတောအတွင်းမှာ အချိုနှင့် မတွေ့ရဲဘူး မဟုတ်လား...။

အချို့ကို သူက ဂရုစိုက်စရာအကြောင်း လုံးဝမရှိပါဟု ဆိုပေမဲ့ ဆိတ်ငြိမ်ဆန္ဒပြပွဲအပြီးတွင်မူ အချိုနှင့်တွေ့ရန် ရှုံ့သလိုလို ဖြစ်လာသည်။ အချိုက ဆိတ်ငြိမ်ဆန္ဒပြပွဲတွင် မပါဝင်စမ်းပါနဲ့ဟု ကိုယ်တိုင်ကန့်ကွက် ခဲ့သည်။ ကိုကိုလတ်က သူ့သဘောကို မည်သူမျှ မပိတ်ပင်နိုင်ဟုဆိုကာ တားသည့်ကြားက ပါဝင်ခဲ့သည်။ အချို မကြိုက်သည်ကိုလုပ်ရာတွင် သတ္တိရှိသော်လည်း အချို့ အငြိုအငြင်ခံရမှာကိုမူ သူသည် စိုးကြောက် မိသည်။

အချိုက သူ့ကိုတွေ့လျှင် အပြစ်တင်မည်မှာ သေချာသည်ဟု

mgyoe.com

mgyoe.com


ကိုကိုလတ်က သိထားသည်။ အချိုသည် သူ့ကို စိတ်ဆိုးနေပေမည်၊ အချိုသည် နှုတ်ခမ်းလေးစူကာ ရန်တွေ့ပေလိမ့်မည်၊ စသည်တို့ကို တွေး မိတိုင်း ကိုကိုလတ်သည် အချိုနှင့်တွေ့ရေးအတွက် ရင်လေးနေမိလေ သည်။

အိပ်ရာထက်ဝယ် ပက်လက်လှဲရာက ကိုကိုလတ်သည် အချိုနှင့် ပတ်သက်၍ စဉ်းစားမိလေသည်။

တကယ်တော့ သူသည် အချိုနှင့်ပတ်သက်၍ ပြတ်သားခြင်း မရှိ သည်မှာ သေချာသည်။ ထိုသို့ သူကိုယ်တိုင်က အချို့ အပေါ်တွင် ပြတ် သားခြင်းမရှိသည်ဖြစ်၍ သူနှင့် အချို့ စပ်ကြားတွင် ဖြစ်ပေါ်လာသော အကြောင်းအရာတို့မှာလည်း မရေမရာနှင့် မရှင်းမရှင်းဖြစ်ခဲ့ရသည်။ စင်စစ်တော့ ကိုကိုလတ်သည် မိန်းကလေးတစ်ယောက်အပေါ်တွင် စွဲလမ်းခြင်းနှင့်ပတ်သက်၍ ဝန်ခံရဲသော သတ္တိမရှိဘဲ သူ့ကိုယ်ကို လှည့် စားတတ်လေသော သူတစ်ယောက်သာဖြစ်သည်။ အချို၏အလှဝယ် ယစ်မူးနေမိခြင်းကို ခုချိန်တိုင်အောင် ကိုကိုလတ်က ပြတ်ပြတ်သားသား ဝန်မခံသေးချေ။

တကယ်တော့ ကိုကိုလတ်သည် အချို့အလှကို စတွေ့ကတည်း က စိတ်ဝင်စားခဲ့မိလေသည်။

ကိုကိုလတ်တို့ မန္တလေးကျောင်းဆောင်နှင့် အချိုတို့ မာလာ ကျောင်းဆောင် စကားရည်လုပွဲပြုလုပ်ခဲ့စဉ်ကစ၍ ကိုကိုလတ်သည် အချို့ကို စတင်တွေ့ရှိ သိခဲ့ရလေသည်။ စတွေ့ကတည်းက အချို၏ ကြော့ရှင်းသော မျက်နှာကို ကိုကိုလတ်သည် ဂရုစိုက်ခဲ့မိသည်။ အချို၏ အလှသည် ရိုးရိုးလေးနှင့် ယဉ်သည်ဟု ကိုကိုလတ်က နားလည်ခဲ့သည်။

ထို့ကြောင့်လည်း အချိုနှင့် စကားပြောရာတွင် အချို့မျက်နှာကို စိုက်ကြည့်ကာ စကားပြောခဲ့မိလေတော့သည်။

mgyoe.com

mgyoe.com


"မာလာတစ်ဆောင်လုံးကပဲ အချို့ကို သူတို့အဆောင်ရဲ့ စကားပြောကောင်းတဲ့ ကျောင်းသူတစ်ယောက်အနေနဲ့ ရွေးချယ်ထားကြပါတယ်။ ကျွန်တော်တို့ကလည်း အချို့ကို စကားရည်လုပွဲမှာ ဝင်ပြောဖို့တောင်းပန်ပါတယ်..."

တစ်နှစ်ကုန်၍ ကျောင်းဖွင့်စ နှစ်လ၊ သုံးလ အတောအတွင်းတွင် ရန်ကုန်တက္ကသိုလ်လောကဝယ် ကျောင်းသားတို့၏ ပျော်ရွှင်ပွဲမျိုးများဖြင့် စည်ကားနေတတ်သည်။ နှစ်ဝက် စာသင်တန်းမကုန်ဆုံးမီ အတောအတွင်း ကျောင်းသားတို့မှာ စာကို တကယ်တမ်း မကြည့်ကြသေးချေ။ သူတို့တစ်တွေသည် ပျော်ပွဲရွှင်ပွဲများတွင် အချိန်ဖြုန်းနေတတ်ကြသည်။

တက္ကသိုလ်နယ်မြေဝယ် ပျော်ပွဲရွှင်ပွဲများမှာလည်း ပေါများလှသည်။ အထူးသဖြင့် ကျောင်းဖွင့်ပြီးစ ရက်များတွင် ပို၍ပေါများလှသည်။

တက္ကသိုလ်ရှိ ဘာသာရပ်ဆိုင်ရာ အသင်းများကလည်းကောင်း၊ အဆောင် သဟာယအသင်းများကလည်းကောင်း၊ ခရိုင်အသင်းများကလည်းကောင်း၊ ကျောင်းသားဟောင်းအသင်းများကလည်းကောင်း ဦးစီးကာ ကျင်းပသော ပျော်ပွဲရွှင်ပွဲများမှာ စုံလှသည်။ လက်ဖက်ရည်ပွဲများ၊ ပျော်ပွဲစားထွက်ခြင်းများ၊ ဖန်ရှင်ခေါ် ပျော်ပွဲများ စသည် စသည်တို့ဖြင့် စာသင်တန်း စသည့် ရက်ပိုင်းများတွင် ပျော်မဆုံးနိုင်အောင် ရှိတတ်သည်။

ဗဟုသုတအနေဖြင့် စကားရည်လုပွဲများ၊ စာပေနှင့် သက်ဆိုင်သော ရေးသားပြိုင်ဆိုင်မှုများတို့မှာလည်း ရှိသေးသည်။ တစ်ခါတစ်ရံတွင်လည်း ပြင်ပမှာ ကျော်ကြားသော ပုဂ္ဂိုလ်ကြီးများကို ဖိတ်ကြား၍ ကျောင်းသားနှင့်သက်ဆိုင်သော ဟောပြောမှုများကိုလည်းကောင်း၊ ဉာဏ်ကြီးရှင် ဖြေဆိုပွဲဟူသော စိတ်ဝင်စားဖွယ်ကောင်းသော ပွဲများကိုလည်းကောင်း တက္ကသိုလ်ရှိ အသင်းများက ဦးစီးကာ ကျင်းပပြုလုပ်

mgyoe.com

mgyoe.com


တတ်သေးသည်။

စကားရည်လုပွဲများမှာမူ တက္ကသိုလ်လောကဝယ် များစွာ မထူးဆန်းလှချေ။ ဒါပေမဲ့ ကျောင်းသားနှင့် ကျောင်းသူ တစ်ဖက်စီ အချေအတင် ပြောမည်ဆိုလျှင် ပရိသတ်စည်ကားတတ်သည်။ ထို့ကြောင့်လည်း ကိုကိုလတ်က သူတို့အဆောင်ကတစ်ဖက်၊ အချိုတို့ အဆောင်ကတစ်ဖက် အချေအတင်ပြောရန် စီမံခဲ့ခြင်းဖြစ်သည်။

ကိုကိုလတ်သည် သူတို့ မန္တလေးအဆောင် သဟာယ အသင်းတွင် အတွင်းရေးမှူးဖြစ်သည့်အတွက် မာလာဆောင်ဘက်မှ ပြောမည့်ကျောင်းသူကို ရှာဖွေစကား ကမ်းရသည်။

အစပထမတော့ အချို့ကို ကိုကိုလတ်သည် တစ်ကြိမ်မျှ မမြင်ဖူးခဲ့ပေ။ မာလာဆောင်မှ မခင်ချိုဟူသော နာမည်ကိုပင် သူက မကြားဖူးခဲ့ချေ။ ဒါပေမဲ့ မာလာဆောင်ရောက်၍ အဆောင်ရှိ ကျောင်းသူကြီးများနှင့် တွေ့ဆုံတိုင်ပင်ကြည့်သောအခါ ထိုကျောင်းသူများက အချို့ကို စကားပြောကောင်းသူအဖြစ် ဝိုင်း၍ ချီးကျူးကြကာ သူတို့အဆောင်ဘက်မှ ဝင်ပြောရန် စီစဉ်ကြတော့၏။

ထို့ကြောင့်ပင် အချို့ကို ကိုကိုလတ်က စတင်တွေ့ရှိခြင်းဖြစ်တော့သည်။ ကျောင်းသူများက မိတ်ဆက်ပေးသောအခါတွင် အချိုက ယဉ်ယဉ်ကျေးကျေးပင် သူ့ကို လိုလားဟန်နှင့် ပါးချိုင့်ကလေးများပေါ်အောင် ပြုံးပြခဲ့သည်။

ကိုကိုလတ်သည် အချို့အလှကို တစိမ့်စိမ့်ကြည့်ကာ စကားရည်လုပွဲအတွက် ပါဝင်ပြောရန် တောင်းပန်လေသည်။ ဒါပေမဲ့ အချိုက ငြင်းလေသည်။

"ဖြစ်မယ်မထင်ပါဘူးရှင်၊ ဒီလို ပွဲကြီးပွဲကောင်းမျိုးကိုလည်း အချိုတစ်ခါမှ မပြောခဲ့ဖူးတော့... အို အချို တောင်းပန်ပါရစေရှင်၊ အဲဒီကိစ္စ

mgyoe.com

mgyoe.com


အတွက်တော့ အချို့ကို ခွင့်လွှတ်ကြစမ်းပါ..."

အချို စကားပြောပုံကလေးမှာ ယဉ်ကျေးလှပါသည်ဟု ကိုကိုလတ်က ထင်ခဲ့သည်။ ကိုကိုလတ်သည် အချို့ကို စိုက်ကြည့်နေရာမှ အခြားကျောင်းသူများဘက်သို့ လှည့်ကြည့်လိုက်သည်။

သူတို့ကလည်း ကိုကိုလတ်ကို ကြည့်နေကြ၏။ သူတို့အမူအရာမှာ အချို သူတို့ဘက်မှ ပါဝင်ပြောစေလိုသော သဘောများကိုပြလျက်ရှိကြသည်။ ကိုကိုလတ်ကလည်း အချို့ကို ပါဝင်ပြောစေလိုသည်သာဖြစ်၏။ ကိုကိုလတ်သည် နောက်တစ်ခါ ထပ်မံ၍ တောင်းပန်ပြန်လေသည်။

"ဘာလို့ မဖြစ်ရမှာလဲ မခင်ချို၊ ခင်ဗျားလည်း ပွဲတိုးဖူးတဲ့ လူတစ်ယောက်လို့ စောစောက ဒီက ကျောင်းသူတွေက ပြောထားတယ်၊ အဲဒီတော့ ပွဲတိုးဖူးတဲ့ လူတစ်ယောက်အနေနဲ့ ဘာမှကြောက်စရာ မရှိပါဘူး..."

"ဟုတ်ပါတယ်ကွယ်...အချိုကလည်း၊ ကိုယ်တို့က စကားကိုလေးလုံးကွဲအောင် မပြောတတ်လို့ပါ။ အချို့လောက် ပြောတတ်ရင် ခုလောက်တောင် ငြင်းမနေပါဘူး။ ကိုယ့်အဆောင်အတွက်ပဲ..."

ကိုကိုလတ်၏ စကားကို ကျောင်းသူတွေကပါ ဝင်၍ ထောက်ခံသောအခါ အချိုမှာ ခေါင်းကလေးငုံ့ပြီး စဉ်းစားနေ၏။ ခဏကြာမှ သူသည် ခေါင်းကလေးကို မသိမသာ ခါ၍ မော့လာလေသည်။

"ဖြစ်မယ် မထင်ပါဘူးရှင်... အချိုက ဖရက်ရှာလည်း ဖရက်ရှာ မဟုတ်လား၊ အချို့ထက် စီနီယာကျတဲ့ လူတွေ၊ အချို့ထက် စကားပြောကောင်းတဲ့လူတွေ ရှိနေသားပဲ..."

ဒီတော့မှ ကိုကိုလတ်က အချို့ကို ယခုနှစ်မှ ကျောင်းသို့ရောက်လာသော မယ်သစ်လွင်အဖြစ် သိရတော့သည်။

mgyoe.com

mgyoe.com



"ဖရက်ရှာနဲ့ စကားပြောတာနဲ့က တခြားစီပါ၊ ကိုယ်တို့ဘက်က သုံးယောက်ပြောရမှာ၊ နှစ်ယောက်ကိုရှာပြီးပြီ၊ အဲ... အချိုပါနဲ့ဆိုရင် သုံးယောက်ပေါ့..."

"ဟုတ်ပါတယ် မခင်ချို၊ ကျန်တဲ့နှစ်ယောက်ကို ရှာလို့ပြီးပါပြီ၊ ကဲပါ မခင်ချိုရယ်... ကျွန်တော် ထပ်ပြီးတောင်းပန်ပါတယ်..."

အချိုသည် စိတ်အိုက်ဟန်ဖြင့် သက်ပြင်းချလိုက်လေသည်။

"အင်းလေ... ဒီလောက်တိုက်တွန်း တောင်းပန်နေမှတော့ ပြောရတော့မှာပေါ့၊ ဒါပေမဲ့ အချို စကားပြောမကောင်းလို့ အချိုတို့ဘက်က ရှုံးရင်တော့ အပြစ်မတင်ကြရဘူးနော်..."

ဒီတော့မှ အားလုံး၏ မျက်နှာတို့သည် ရွှင်ပြုံးလာကြတော့၏။

"ပြီး... အချို့ကို ဒီအတိုင်း ပစ်မထားကြပါနဲ့နော်... ပြောဖို့ ပွိုင့်ကလေးတွေလည်း ပေးကြပါဦး..."

အချို၏အမူအရာတို့မှာ ကလေးဆန်ကာ ချစ်စရာကောင်းခဲ့သည်။

ထိုသို့ စတင်တွေ့ရှိစဉ်ကပင် အချိုနှင့် ကိုကိုလတ်သည် မမျှော်လင့်ဘဲ အချိန်အတော်ကြာ စကားပြောခဲ့ကာ ရင်းနှီးခဲ့ကြလေသည်။ အဆောင်မှ ပြန်ခါနီးတွင် အချိုက ...

"ဒါပဲနော်... ကိုကိုလတ်က ပြောပါဆိုလို့ အချို ပြောရမှာ၊ အဲဒါ ပြောစရာပွိုင့်တွေ ကူရှာမပေးရင် စိတ်ဆိုးမှာပဲ" ဟူ၍ နှုတ်ခမ်းကလေး မစူတစူလုပ်ကာ ပြောသည်ကိုပင် ကိုကိုလတ်က ...

"ကျွန်တော်ပေးတဲ့ ပွိုင့်တွေကြောင့် မခင်ချိုတို့ဘက်က နိုင်ရင် ကျွန်တော့်ကို ဘာဆုပေးမလဲ..." ဟူသော မေးခွန်းမျိုးကို မေးခဲ့သည် အထိ ရင်းနှီးခဲ့လေသည်။

စတွေ့စဉ်ကတည်းက ထိုမျှလောက် ရင်းနှီးခဲ့သည့်အတွက် ကိုကိုလတ်နှင့် အချိုတို့သည် တစ်ယောက်နှင့်တစ်ယောက် တိုတောင်းသော

mgyoe.com

mgyoe.com


အချိန်ကလေးအတောအတွင်းတွင် အံ့သြစရာကောင်းလောက်အောင် ခင်မင်ခဲ့ကြခြင်းပင် ဖြစ်လေသည်။

အချိုကလည်း အရေးပေးဟန် ပြခဲ့သည်။ ကိုကိုလတ် ကြိုးကြိုးစားစား ရှာပေးသော အချက်အလက်များကို အချိုက ဂရုတစိုက်ပင် လက်ခံကာ စကားရည်လုပွဲတွင် ထည့်သွင်းပြောခဲ့သည်။

စကားရည်လုပွဲတွင် ကိုကိုလတ်တို့ အဆောင်က ရှုံးခဲ့သော်လည်း ကိုကိုလတ်သည် အချိုတို့နိုင်၍ ဝမ်းသာခဲ့လေသည်။ အချိုသည် ထိုစကားရည်လုပွဲတွင် ပရိသတ်၏ အားပေးမှုကို အများဆုံးခံရသည်ဖြစ်၍ ကိုကိုလတ်မှာ ပိုပြီးအားရခဲ့မိသည်။

အချိုသည် ထိုစကားရည်လုပွဲတွင် စကားအပြောကောင်းသူတစ်ယောက်အဖြစ် ဆုချီးမြှင့်ခြင်း ခံရလေသည်။ အချိုမှာ ကျော်ကြားမှုသရဖူကို ဆောင်းနိုင်လေတော့သည်။

တက္ကသိုလ်လောကဝယ် ကျော်ကြားမှုကို အများတကာကပင် လိုလားကြလေသည်။ ကျော်ကြားမှုဆိုသည်မှာလည်း တက္ကသိုလ်၏ ကြီးမားသော ဂုဏ်တစ်ရပ်အနေဖြင့် ကျောင်းသူကျောင်းသားတို့က ထင်မှတ်မှားနေကြလျက်ရှိသည်။

သူ့ကို ရန်ကုန်တက္ကသိုလ်က စကားပြောကောင်းသူတစ်ယောက်အနေနှင့် အသိအမှတ်ပြုလာသောအခါ အချိုကလည်း အခြားအခြားသော ကျော်ကြားနေသည့် သူများနည်းတူ သူကလည်း ဝင့်ဝါလိုစိတ်များပင် ပေါ်ပေါက်လာသေးသည်။ ဒါပေမဲ့ အချိုက သူ့မာနကို တတ်နိုင်သမျှ နှိမ်လေသည်။

ကိုကိုလတ်အပေါ်တွင်ဆိုလျှင် သူက ဝင့်ဝါလိုသောသဘောများလုံးဝမပြခဲ့ပေ။ "အချို စကားပြောနိုင်တာ ကိုကိုလတ်ကြောင့်လည်းဖြစ်ပါတယ်" ဟူ၍ သူက ရိုးရိုးသားသား ဝန်ခံခဲ့သည်။

mgyoe.com

mgyoe.com


"အံ့မယ်... ဒါတော့ မခင်ချိုက ကျွန်တော့်ကို သက်သက်မြှောက်တာပါ..."

"မြှောက်တာမဟုတ်ပါဘူး ကိုကိုလတ်ရဲ့၊ တကယ်လို့သာ ကိုကိုလတ်က အချိုပြောဖို့ အချက်တွေ ရှာမပေးဘူးဆိုရင် ကဲ... အချိုဘာသွားပြောမလဲ..."

ကိုကိုလတ်ကမူ အချို့ကိုသာ ကြည့်၍ ပြုံးခဲ့ရလေသည်။

ထိုနောက်ပိုင်းတွင်မူ သူတို့နှစ်ယောက်၏ ဆက်ဆံမှုမှာ ဖြစ်ရိုးဖြစ်စဉ်အတိုင်း ကြည့်ခဲ့ပါလျှင် ပြီးဆုံးခြင်းသို့ ရောက်သွားစရာပင်ဖြစ်၏။

စကားရည်လုပွဲအတွက် ကိုကိုလတ်က အချိုနှင့် မသိသော်လည်း ကြားလူနှင့် ဆက်သွယ်ကာ ပြောကြားရန် တောင်းပန်ခဲ့၏။ သူ့တောင်းပန်ချက်ကို အချိုက လက်ခံကာ စကားရည်လုပွဲတွင် စိတ်ပါလက်ပါ ပြောခဲ့သည့်အတွက် အချိုမှာ ကျော်ကြားခဲ့သည်။ ထို့နောက် စကားရည်လုပွဲ ပြီးခဲ့၏။ စကားရည်လုပွဲပြီးလျှင် စကားရည်လုပွဲအတွက်သာ ရည်စူး၍ အသိဖွဲ့ခဲ့သော သူတို့ဆက်ဆံမှုမှာ တစ်စခန်း ရပ်သွားစရာသာ ရှိသည်။

သို့သော်... ကိုကိုလတ်နှင့် အချိုမှာ ဆက်လက်၍ ဆက်ဆံမြဲ ဆက်ဆံခဲ့၏။ စကားရည်လုပွဲပြီးသည့် နောက်တစ်နေ့တွင် ကိုကိုလတ်က အချို့ကို ချီးကျူးရန်ဟူသော အကြောင်းပြချက်ဖြင့် ရောက်လာခဲ့သည်။ အချိုကလည်း သူ့ကို ဂရုတစိုက် ဆင်းတွေ့၍ ဧည့်ခံသည်။

ထိုနေ့တွင် သူတို့နှစ်ယောက်သည် မိတ်ဆွေဖြစ် စကားများကို စ၍ ပြောကြလေသည်။

အချိုက သူသည် တက္ကသိုလ်သို့ ယခုနှစ်တွင်မှ ရောက်လာသော ကျောင်းသူတစ်ယောက်ဖြစ်ကြောင်း၊ သူ့ဖခင်မှာ နယ်တစ်နယ်ရှိ အစိုးရပိုင်းမှ ကြီးကြီးမားမားတာကြီး တစ်ဦးဖြစ်ကြောင်း၊ သူယူသော ဘာသာ

mgyoe.com

mgyoe.com


များမှာ မည်သည့်ဘာသာများဖြစ်ကြောင်း၊ တက္ကသိုလ်ဝယ် အသိမိတ်ဆွေဟူ၍ ရင်းရင်းနှီးနှီးထဲက မရှိကြောင်း စသည်များကို ပြောပြလေသည်။

ကြုံကြိုက်ချင်တော့လည်း အချို ဥပစာ (က) တွင် ယူသောဘာသာရပ်များမှာ ကိုကိုလတ် ဥပစာ (က) တုန်းက ယူခဲ့သော ဘာသာများနှင့် တူနေလေသည်။ ထိုအချက်ကြောင့်ပင် ကိုကိုလတ်နှင့် အချိုမှာ ပို၍ ရင်းနှီးခဲ့ကြခြင်းပင် ဖြစ်ပေမည်။

ကိုကိုလတ်သည် အချို့ကို သူ့မှတ်စုဟောင်းများ ငှားရမ်း၏။ အချို နားမလည်သော စာများကိုလည်း မာလာဆောင်ဧည့်ခန်းဝယ် သူက ပြပေး၏။ ဝိဇ္ဇာအပိုင်း (က) ကို ရောက်နေသော ကိုကိုလတ်သည် အချို့အတွက် နိုင်နင်းစွာ ပြသရှင်းလင်းနိုင်ခဲ့၍ အချိုက သူ့အပေါ် ကျေးဇူးတင်၍ မဆုံးပေ။

ကိုကိုလတ်သည် ညနေတိုင်းလိုလို အချို့ထံလာ၏။ သူ မလာသောနေ့များတွင် အချိုတစ်ယောက်မှာ မသိမသာကလေးပင် မျှော်နေမိ၏။ ဒရဝမ်က ဧည့်ခေါ်စာအုပ်ကလေးကိုင်၍လာလျှင် သူက ရင်တထိတ်ထိတ်နှင့် စောင့်မိ၏။ နောက်ဆုံး သူ့အခန်းထဲသို့မဝင်ဘဲ ကျော်သွားမှ သက်ပြင်းချရလေသည်။

တစ်ခါတလေတော့လည်း သူတို့နှစ်ယောက်သည် မာလာဆောင်ဧည့်ခန်းမှာ ထိုင်ရုံမက အညောင်းပြေ အင်းလျားကန်ပေါင်ရိုးဝယ် လမ်းလျှောက်ကြသေးသည်။

ထိုအချိန်ထိတော့ သူတို့၏ဆက်ဆံမှုမှာ အဆင်ပြေနေခဲ့သေး၏။ သန့်ရှင်းသည့် မေတ္တာကြောင့် သူတို့၏ ခင်မင်မှုမှာလည်း ပြေပြစ်ခဲ့သည်။ သို့သော်... ထိုအချိန်၏ နောက်ပိုင်းတွင်မူ သူတို့နှစ်ယောက်၏ ဆက်ဆံမှုမှာ အဖုအထစ်ကလေးများဖြင့် ခရီးဖင့်ခဲ့လေတော့သည်။

mgyoe.com

mgyoe.com


တက္ကသိုလ်ပြန်ဖွင့်ပြီး၍ နှစ်လမျှကြာလာသော် ထုံးစံအတိုင်း တက္က သိုလ်ပရိဝုဏ်ဝယ် အသင်းအဖွဲ့များ၏ လှုပ်ရှားမှုများဖြင့် စိုစိုပြည်ပြည် ဖြစ်လာလေတော့သည်။

ရန်ကုန်တက္ကသိုလ်ဝယ် ထိုစဉ်က အသင်းအဖွဲ့ လေးမျိုးလေးစား ရှိခဲ့သည်။ ဘာသာရေးဆိုင်ရာ အသင်းအဖွဲ့များ၊ စာပေပညာဆိုင်ရာ အသင်းအဖွဲ့များ၊ ခရိုင်နှင့် ကျောင်းသားဟောင်း အသင်းအဖွဲ့များနှင့် ကျောင်းသားရေးရာ အသင်းအဖွဲ့များဟူ၍ ရှိခဲ့သည်။

ထိုအသင်းအဖွဲ့လေးမျိုးတွင် ကျောင်းသားများ စိတ်အဝင်စားဆုံး နှင့် လှုပ်ရှားမှုအများဆုံး အသင်းအဖွဲ့မှာ ကျောင်းသားရေးရာ အသင်း အဖွဲ့များပင်ဖြစ်သည်။ ယခုနှစ်အတွက် ကျောင်းသားရေးရာ အဖွဲ့များ တွင် နှစ်စကတည်းက ကျောင်းသားညီညွတ်ရေးတပ်ဦး၊ ဒီအက်စ်အိုခေါ် ဒီမိုကရက်တစ်ကျောင်းသားအဖွဲ့၊ သန့်ရှင်းသော ကျောင်းသားအဖွဲ့၊ ကျောင်းသားစစ် ကျောင်းသားသစ်ဟူ၍ အဖွဲ့လေးမျိုးရှိခဲ့သည်။

ထိုအသင်းအဖွဲ့တို့မှာ ကျောင်းသားရေးရာများကို ဆောင်ရွက်မည်၊ ကျောင်းသားလောက မြင့်တင်မည်ဟူသော အခြေခံလုပ်ငန်းအနေနှင့် ရည်ရွယ်ချက်တူကြသော်လည်း လှုပ်ရှားမှုများတွင်မူ သူတို့တစ်တွေ သည် တစ်သင်းနှင့်တစ်သင်း အမြဲတမ်း ဆန့်ကျင်နေလေသည်။

အပြင်းထန်ဆုံး ဆန့်ကျင်ဘက်ဖြစ်သည့် အသင်းအဖွဲ့နှစ်ခုမှာ ညီညွတ်ရေးတပ်ဦးနှင့် ဒီအက်စ်အိုတို့ပင်ဖြစ်သည်။ အဖြူရောင်နှင့် အနီ ရောင် ဆန့်ကျင်သလို ထိုအသင်းနှစ်သင်းမှာလည်း ဆန့်ကျင်ကြ၏။ မူလလုပ်ငန်းစဉ်အနေနှင့် ကျောင်းသားထုကောင်းစားရေးအတွက်ပါဟု နှစ်သင်းစလုံးက ကြေညာ၏။ သို့သော် ထိုကျောင်းသားထု ကောင်းစား ရေးအတွက် လုပ်ငန်းစဉ်များပြုလုပ်ရာ၌မူ အသင်းနှစ်သင်းသည် အမြဲ ပင် ဆန့်ကျင်၏။

mgyoe.com

mgyoe.com


ထိုသို့ အတိုက်အခံဆန့်ကျင်ဘက်အသင်းနှစ်ခုထဲတွင် ကိုကိုလတ်နှင့် အချိုမှာ တစ်ယောက်တစ်ဖက်စီ ပါမိနေကြလေတော့၏။ ကိုကိုလတ်သည် ယုံကြည်ချက်နှင့် လုပ်ငန်းစဉ်အနေဖြင့် တပ်ဦးထဲတွင် ပါဝင်၍ အချိုကမူ နောင်တော်တို့သွားရာ ညီငယ်များလိုက်ပါမည်ဟူသော ထုံးစံအရ ကြီးကြီးမာစတာသမီးတစ်ယောက်ဖြစ်၍ ဒီအက်စ်အို အဖွဲ့ထဲ ပါဝင်ခဲ့သည်။

ကျောင်းသားရေးရာ လှုပ်ရှားမှုများ စလာသောအခါ သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် ထေ့လုံး၊ ရွဲ့လုံးကလေးတွေနှင့် စောင်ကြတော့၏။ အထူးသဖြင့် အချိုက ပိုဆိုး၏။ အချိုက ကိုကိုလတ်ကို တပ်ဦးဟူ၍ သိကတည်းက ကန့်ကွက်ခဲ့သည်။ ပြီးတော့ သူ့ဘက်သို့လည်း အပါဆွယ်ခဲ့သည်။

"တပ်ဦးဟာ ကွန်မြူနစ်တွေပါပဲ ကိုကိုလတ်ရယ်… ကွန်မြူနစ်ဆိုတာကလည်း ဘယ်တုန်းကများ ကောင်းကျိုးပေးခဲ့လို့လဲ၊ ခုပဲကြည့်လေ၊ တပ်ဦးလုပ်ခဲ့သမျှ ကျောင်းသားလောကထဲမှာ ဆူဆူပူပူ ဖြစ်စေဖို့တွေချည်းပဲ မဟုတ်လား…"

ကိုကိုလတ်ကမူ ပြုံးခဲ့လေသည်။

"အဲဒီလို စွပ်စွဲတာတွေဟာ ကျွန်တော်တို့အတွက်တော့ သိပ်မထူးဆန်းတော့ပါဘူး။ ကျွန်တော်တို့ကို ကွန်မြူနစ်ပါ၊ ကျောင်းသားလောကထဲမှာ ဆူဆူပူပူ လုပ်နေတာကလည်း ကျွန်တော်တို့ တပ်ဦးတွေပါလို့ စွပ်စွဲတာဟာ အချိုတို့လို ဒီ–အက်စ်–အို တွေရဲ့ မရိုးနိုင်တဲ့ ဓာတ်ပြားဟောင်းကြီးတစ်ချပ်ပါ။ ကျွန်တော့်အနေနဲ့ကလည်း အဲဒီလို စွပ်စွဲလာရင် ဘယ်လိုမှပြန်ပြီး ချေပမနေချင်ဘူး။ ကျွန်တော်တို့လုပ်ငန်းက အခြေအနေမှန်ကို ထင်ရှားစေမှာပဲ…

"တကယ်တော့ အချိုက ဒီနှစ်မှရောက်လာတဲ့ ဖရက်ရှာတစ်

mgyoe.com

mgyoe.com


ယောက်ပါ။ ဖရက်ရှာတစ်ယောက်အနေနဲ့ တက္ကသိုလ်မှာရှိတဲ့ အသင်းအဖွဲ့တွေရဲ့ အရှုပ်တော်ပုံတွေကို အချို နားလည်နိုင်မှာ မဟုတ်သေးဘူး။ ဒီတော့ ပထမဆုံး အမှန်ကို သိရအောင် လေ့လာပါဦး။ အဲဒီလို လေ့လာပြီးမှ ကျွန်တော့်ကို စွပ်စွဲစမ်းပါ…"

"အို… ဘယ်လိုပဲဖြစ်ဖြစ်လေ တစ်ယောက်နဲ့တစ်ယောက်ဟာ အတိုက်အခံဖြစ်တဲ့ အင်အားစုတစ်ရပ်စီမှာ ပါဝင်နေကြတာကတော့ မကောင်းဘူးမဟုတ်လား ကိုကိုလတ်။ ဒီအတိုင်းဆိုရင် အချိုတို့ ခင်မင်မှုဟာလည်း ထိခိုက်လာစရာ အကြောင်းဖြစ်လာလိမ့်မယ်…"

"ဘာဆိုင်လို့လဲ အချို၊ ကျွန်တော်တို့ ခင်မင်မှုဟာ ဒီကျောင်းသားရေးရာပေါ်မှာ တည်ဆောက်ထားတဲ့ ခင်မင်မှုမှ မဟုတ်ဘဲ။ အချိုလည်း အချို့ယုံကြည်ချက်အတိုင်း လုပ်ပေါ့။ ကျွန်တော်လည်း ကျွန်တော့် ယုံကြည်ချက်အတိုင်းလုပ်၊ ဒါပေမဲ့ ခင်တာက ခင်တာတခြား၊ ယုံကြည်ချက်က ယုံကြည်ချက် တခြားပဲ မဟုတ်လား…"

"တစ်ယောက်နဲ့တစ်ယောက် ယုံကြည်ချက်ချင်းတူရင် ပိုပြီးအဆင်ပြေမယ်မဟုတ်လား။ မိတ်ဆွေအနေနဲ့ မဟုတ်ဘူး။ ကိုယ့်ယုံကြည်ချက်တွေကိုလုပ်တဲ့ နေရာမှာလည်း အချိုတို့ နှစ်ယောက်ဟာ လက်တွဲပြီး ဆောင်ရွက်နိုင်ကြမယ်ဆိုရင် ပိုပြီးမကောင်းဘူးလား…"

အချို့စကားကို ကိုကိုလတ်က တော်တော်လေးပင် သဘောကျမိသည်။ သူသည် အားတက်သရောလည်း ဖြစ်မိ၏။

"အဲ… ကျွန်တော်ကလည်း အဲဒါကိုပဲ ပြောမလို့ပဲ။ ဆိုပါစို့ အချိုကလည်း ကျောင်းသားရေးရာတွေမှာ စိတ်ဝင်စားပြီး ကျောင်းသားထုကောင်းစားရေးကို လုပ်လိုတဲ့လူ၊ ကျွန်တော်ကလည်း ဒီအတိုင်းပဲ။ ကဲ… ဒီတော့ ကျွန်တော်တို့နှစ်ယောက်ဟာ ရည်ရွယ်ချက်ချင်းတူနေမင့်ဟာ ဘာဖြစ်လို့ လက်မတွဲနိုင်ရမှာလဲ။ ကျွန်တော်တို့နှစ်ယောက်ဟာ တပ်ဦး

mgyoe.com

mgyoe.com


ရယ်၊ ဒီအက်စ်အိုရယ်ဆိုတဲ့ စွဲလမ်းမှုကို အသာဘေးချိတ်ပြီး ရည်ရွယ်ချက်ချင်းတူတဲ့ လူနှစ်ယောက်အနေနဲ့ ဘာဖြစ်လို့ လက်မတွဲနိုင်ရမှာလဲ ဟင်..."

"အို...ကိုကိုလတ်တို့က ကွန်မြူနစ်တွေပဲ၊ တပ်ဦးဟာ အနီ..."

ကိုကိုလတ်သည် သက်ပြင်းချမိလေသည်။ ပြီးတော့မှ အချို့နှင့်အဆင်ပြေသည်အထိ ဖြစ်စေရန် သူက လျှော့ပေးလေသည်။

"ကဲလေ...ထားပါတော့၊ လောလောဆယ်အနေနဲ့ အချိုပြောသလို ကျွန်တော်ဟာ အနီပဲဆိုပါတော့၊ အနီရဲ့ ဆန့်ကျင်ဘက်ဟာ အဖြူ၊ ဒီတော့ အချိုက အဖြူပေါ့၊ အနီနဲ့ အဖြူကို ပေါင်းကြည့်ရင် ပန်းရောင်ရနိုင်တယ် မဟုတ်လား၊ အဲဒီပန်းရောင်ကို အနီသမား ကျွန်တော်က လက်ခံနိုင်သလို အဖြူသမား အချိုကလည်း လက်ခံနိုင်မှာပါပဲ။ ကဲ... ပန်းရောင် ဖြစ်လာနိုင်အောင် ကျွန်တော်တို့နှစ်ယောက် လက်တွဲပြီးတော့ ကျွန်တော်တို့ ယုံကြည်ချက်တွေကို လုပ်ကြည့်ကြစို့လား...ဟင်..."

အချိုကမူ ခေါင်းခါလေသည်။ ကိုကိုလတ်၏ လက်တွဲရေး အစီအစဉ်တွေကို သူက လက်မခံချေ။

အချိုသည် ယခုနှစ်တွင်မှ တက္ကသိုလ်သို့ ရောက်လာသော်လည်း ကျောင်းသားရေးရာနှင့် ပတ်သက်၍ တော်တော်ပင် ပြင်းထန်ခဲ့၏။ သူ့ယုံကြည်ချက်ကိုလည်း သူက စိတ်ထားခိုင်ခိုင်နှင့် စွဲမြဲထားသည်။ ထို့ကြောင့် နောက်ဆုံးတွင်တော့ ကိုကိုလတ်က လက်လျှော့ရပေသည်။ အချို့နှင့် စေ့စပ်၍မရတော့သည့်အဆုံးတွင် သူသည် အချို့ကို ထိုအရေးနှင့် ပတ်သက်၍ စကားမဟတော့ချေ...။

အမှန်ကို ဝန်ခံရလျှင်မူ ကိုကိုလတ်သည် အချို့ကို မဆန့်ကျင်ရဲချေ။ အချို့နှင့် မလွဲသာ မရှောင်သာ၍ အတိုက်အခံပြုနေရသော်လည်း အချို၏ ငြိုငြင်မှုကိုမူ သူက တတ်နိုင်သမျှ မခံရရန် ရှောင်ကြဉ်လေ

mgyoe.com

mgyoe.com


သည်။ ကိုကိုလတ်သည် အချိုနှင့် ဆက်ဆံမြဲ ဆက်ဆံခဲ့သည်။ သူတို့သည် အင်းလျားကန်ပေါင်ရိုးဝယ် ခါတိုင်းလိုပင် လမ်းလျှောက်ကြကာ ကျောင်းသားရေးရာနှင့် မသက်ဆိုင်သော စကားများကို ပြောခဲ့ကြ၏။ သူတို့သည် မာလာဆောင်ဧည့်ခန်းဝယ် ထိုင်ကာ စာအကြောင်း တိုင်ပင်နှီးနှောခဲ့၏။

တကယ်တော့ ကိုကိုလတ်သည် အချို့အပေါ် မပြတ်မသား ခင်တွယ်မိခဲ့လေပြီ။ သို့သော်... သူသည် သူ့ကိုယ်သူပင် ဝန်မခံရဲခဲ့ချေ...။

သို့သော်... ကိုကိုလတ်သည် အချစ်ရေးရာနှင့် ပတ်သက်၍ ပြတ်သားမှုမရှိခဲ့။ အချို့ကို ချစ်မိနေခြင်းကိုပင် သူကိုယ်တိုင်က လက်ခံခြင်း မပြုသေးချေ။ သူသည် သူ့ကိုယ်သူ လှည့်စားကာ အချိန်တွေ ကုန်စေခဲ့လေသည်။

အချိုကိုယ်တိုင်ကလည်း ကိုကိုလတ်အပေါ် မရေရာခြင်း ရှိခဲ့သည်။ သူကိုယ်တိုင်က ကွန်မြူနစ်တစ်ယောက်ပါဟု စွပ်စွဲခဲ့သော ကိုကိုလတ်ကို အကယ်၍ ယုံကြည်ချက်တွေကိုသာ မစွန့်လွှတ်လျှင် သူနှင့် ကိုကိုလတ် ဆက်သွယ်မှုမှာ ပျက်ပြားထိပါးစရာအကြောင်း ရှိပါသည်ဟု သတိပေးခဲ့သော်လည်း ခုတိုင် ကိုကိုလတ်ကို သူသည် လျစ်လျူမရှုနိုင်သေးချေ။ ကိုကိုလတ်သည် သူမကြိုက်သော အလုပ်တစ်ခုကို ထင်ထင်ရှားရှား လုပ်နေပါလျက်နှင့် အချိုက ခွင့်လွှတ်ခဲ့သည်။ သူကလည်း ကိုကိုလတ်အပေါ် မတင်းနိုင်ပါချေ။

ယုံကြည်ချက်အပေါ်တွင် သူတို့သည် တင်းမာပြတ်သားသလောက် ခင်မင်မှုအပေါ်တွင်မူ သူတို့နှစ်ယောက်သည် မရေရာခဲ့ကြချေ။ ၁၅၀၀ လော၊ ၅၂၈ လော...။

ကိုကိုလတ်ကမူ သူ့အချစ်ကိုသူ သဲသဲကွဲကွဲ မထုတ်ဖော်ပြတတ်။ ထုတ်ဖော်ပြတတ်ပါသည်ဆိုလျှင်လည်း သူက ထုတ်ဖော်ပြမည့် လူစား

mgyoe.com

mgyoe.com


မျိုးမဟုတ်ပေ။ အချစ်နှင့်ပတ်သက်လာလျှင် သူက လျှို့ဝှက်တတ်စမြဲ။

သို့သော်... အချို့ကို စွဲလမ်းခြင်းကိုမူ ကိုကိုလတ်သည် ဖွင့်ပြောရဲ၏။ အမှာ့ဆီ စာရေးသောအခါတွင်ပင် သူက စကားစပ်မရှိဘဲ အချို့အကြောင်း ထည့်ရေးခဲ့၏။

အစ်ကို ကျောင်းကိုရောက်ခဲ့တာ အမာသိတဲ့အတိုင်း သုံးနှစ်ကျော် ရှိခဲ့ပေမဲ့ မိန်းကလေးမိတ်ဆွေဆိုလို့ အစ်ကို့မှာ ဟုတ်တိပတ်တိ မရှိခဲ့ဘူး။ ဒါပေမဲ့ ဒီနှစ်တော့ အခြေအနေဟာ ပြောင်းလဲခဲ့ပြီ အမာ... အစ်ကိုဟာ မိန်းကလေး တစ်ယောက်နဲ့ မိတ်ဆွေဘဝမှာ တော်တော်လေး ရင်းရင်းနှီးနှီး ခင်မင်ခဲ့ပြီဆိုရင် အမာ အံ့သြမလား...။

သူ့နာမည်က မခင်ချိုတဲ့။ အချိုလို့ပဲ အခေါ်များတယ်။ ဒီနှစ်မှ ကျောင်းကိုရောက်လာတဲ့ ဖရက်ရှာကလေးပဲ...။

သူ့ကိုမြင်တော့ အစ်ကို အမှာ့ကို သတိရမိတယ်။ သူဟာ အမှာ့လိုပဲ တစ်ခါတစ်ခါ ကလေးဆန်တယ်။ အရုပ်အမောင်းနဲ့ ကိုယ်လုံးကလည်း အမှာ့အတိုင်းပဲ။ ဒါပေမဲ့ အမာနဲ့မတူတာကတော့ သူ့စိတ်ထားပဲ။ သူက ဒီအက်စ်အို အမာ...။

အမှာ့ကို အစ်ကိုရှင်းပြခဲ့လို့ ဒီအက်စ်အို ဆိုတာ ဘယ်လိုလူမျိုးလဲဆိုတာ အမာသိပြီးရောပေါ့။ မခင်ချိုဟာ အစ်ကို့ရဲ့ အတိုက်အခံတစ်ယောက်ပဲပေါ့...။

ဒါပေမဲ့ ဆန့်ကျင်ဘက်ဖြစ်ကြတဲ့ အစ်ကိုတို့ဟာ ကွဲရမယ့်အစား တွဲခဲ့ကြတယ်။ တပ်ဦးအပေါ်မှာ ထားရှိတဲ့ အစ်ကို့စိတ်ထားတွေကို အမာက သိပြီးပြီမို့ ဒီအခြေအနေ

mgyoe.com

mgyoe.com


မျိုးပါ လို့ အစ်ကိုရေးလိုက်ကတည်းက အမာ အံ့သြမှာပဲ။ အံ့သြ အမာ...အံ့သြ၊ အစ်ကို ကိုယ်တိုင်လည်း အစ်ကို့ ကိုယ်ကို အံ့သြမိတာပဲ။

မခင်ချိုအပေါ် အစ်ကို ဘာဖြစ်လို့ ခွင့်လွှတ်နိုင်တယ် ဆိုတာ ခုအထိ အဖြေရှာမတွေ့သေးဘူး အမာ...။

အမာ့ကို ထိုမျှလောက်အထိတော့ ကိုကိုလတ်သည် ဖွင့်ပြောခဲ့၏။ အချိန်နှင့် ပတ်သက်၍ သူ့စိတ်ထဲတွင် သိုဝှက်မထားနိုင်သဖြင့် အန်ထွက်လာသော အကြောင်းအရာများကို အမာ့အား အသိပေးခြင်းဖြစ်လျှင်လည်း ဖြစ်တန်ရာသည်။ အဘယ့်ကြောင့်ဆိုသော် သူသည် မအားလပ်၍ လူကိုယ်တိုင် မရောက်နိုင်သော အမာ့ထံသို့ စာရေးလျှင် သူ့ရင်ထဲဝယ် ခံစားရချက်များကို မသိမသာ ထည့်ရေးသောကြောင့် ဖြစ်သည်။

"မခင်ချိုသဘောကိုတော့ အစ်ကိုလည်း မစဉ်းစားတတ်သလိုတောင် ဖြစ်နေပြီအမာ၊ သူဟာလည်း အစ်ကို့လိုပဲ သူ့အဖွဲ့အစည်းနဲ့ပတ်သက်ပြီး ထားရှိတဲ့ သူ့ ယုံကြည်ချက်ဟာ တော်တော်လေး ပြင်းထန်တယ်။ ဒါပေမဲ့ သူက အစ်ကို့ကိုတော့ ခွင့်လွှတ်တယ်...။

ဟိုတစ်လောက စာထဲမှာ အစ်ကိုက သူ့ကိုခွင့်လွှတ်တယ်လို့ ရေးခဲ့တယ်။ ဒီစာမှာတော့ သူက အစ်ကို့ကို ခွင့်လွှတ်တယ်လို့ ရေးလိုက်တယ်။ ကဲ... အစ်ကိုတို့ နှစ်ယောက်က မတူဘူးလား..."

ဟိုတုန်းက လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း စာတော့ မှန်မှန်ရေးပါဟု အမာက ဆိုသည်ကိုပင် ကိုကိုလတ်သည် မအား၍ပါဟု အကြောင်းပြပြီး စာမရေးဖြစ်ခဲ့။ ခုတော့ အမာ့ထံ ကိုကိုလတ် စာတွေမှာ သူ့ရင်ထဲဝယ် ခံစားရချက် လှုပ်ရှားတိုင်း ရောက်လာလေသလား။

mgyoe.com

mgyoe.com


မသိ။ ရောက်လာသည့်စာတွေမှာ တစ်စောင်ပြီးတစ်စောင်...။

"အချိုက အစ်ကို့ကို သူတို့ဘက်လာပါလို့ တောင်းပန်တယ် အမာ၊ ဒါကတော့ ဘယ်ဖြစ်နိုင်မလဲ။ ဒီတော့ အစ်ကို့ကို တပ်ဦးထဲ မဝင်ပါနဲ့၊ အေးအေးဆေးဆေးပဲ နေပါတဲ့။ သူလည်း ဒီ–အက်စ်–အို ထဲက ထွက် ပါ့မယ်တဲ့...။

သူပြောပုံကလေးက မပိုင်လား အမာ၊ သူက အစ်ကို့ အပေါ် ဘယ်လို သဘောထားနေသလဲ မသိဘူး။ ဒါပေမဲ့ အစ်ကို့သဘောကတော့ ရှင်းတယ်ဆိုတာ ယုံကြည်ထား၊ သိလား အမာ..."

ကိုကိုလတ်က ထုံးစံအတိုင်း အမာ့ကိုပင် လိမ်လေသည်။ အချို့ အပေါ်တွင် ထားရှိသော သူ့သဘောမှာ ရိုးသားပါသည်ဟု သူက ရှင်းပြ၏။ သို့သော်... အမာကလည်း အခြေအနေကို အကဲခတ်တတ်ခဲ့သူသာ ဖြစ်သည်။

"အချိုနဲ့ ပတ်သက်ပြီး အစ်ကိုပြောတာတွေကို အမာ တစ်ခုမှ မယုံဘူး အစ်ကို၊ အစ်ကိုဟာ အမာ့ကို သက်သက်မဲ့ ညာနေတာပဲ။ အချိုနဲ့ အစ်ကို ချစ်နေပါတယ်ဆိုတာ အစ်ကို ဘာဖြစ်လို့ ဝန်မခံရဲတာလဲ ဟင်...

အစ်ကို အမာ့ဆီကို စိတ်ကူးပေါက်ပြီး စာမရေးခင်ကတည်းက အမာ့ မိတ်ဆွေတစ်ယောက်က ပြောပြလို့ အစ်ကိုတို့အကြောင်း သိတာကြာလှပြီ။ အစ်ကို ညနေတိုင်းလိုလို မာလာဆောင်ကို သွားတာရယ်၊ နောက်ပြီး အင်းလျားကန်ပေါင်ရိုးမှာ လမ်းလျှောက်တာတွေလေ...

ဘာဖြစ်လို့ အမာ့ကို လိမ်ချင်ရတာလဲ ဟင်... အမာ

mgyoe.com

mgyoe.com


က အစ်ကိုတို့ ချစ်ခြင်းကို ခွဲမယ့် ကောင်မလေးမို့တဲ့လား...
ဒါပဲ အစ်ကို၊ နောက်ဆိုရင် အဲဒီ အချို့နဲ့ ပတ်သက်ပြီး အမာ့ကို ဘာမှမပြောပါနဲ့တော့။ အစ်ကိုတို့ဘာသာ ချစ်ရုံမကလို့ ညားညား၊ အမာ မသိချင်ဘူး..."

အမာသည် အပျိုဖြန်းကလေး ဖြစ်၍လည်း ကလေးဆန်လွန်းလှသည်။ အမာသည် ကိုကိုလတ်လို လျှို့ဝှက်သွယ်ဝိုက်မှု မထားတတ်၊ ကိုကိုလတ်နှင့် အချို ချစ်နေပါသည်ဟု ပွင့်ပွင့်လင်းလင်း စွပ်စွဲ၏။ တစ်ချိန်တည်းမှာပင် သူ့စေတနာကို ဖော်ပြ၏။ အချိုနှင့် ပတ်သက်၍ သူက ဘာမှမသိချင်ပါဟု ဆိုလိုက်၏။ သို့သော်... သူဘာဖြစ်လို့ မသိချင်သည်ကိုမူ အမာသည် ထုတ်ဖော်ပြောပြခြင်း မပြုပေ...။

မည်သို့ပင်ဖြစ်စေ၊ ကိုကိုလတ်သည် အမာ့သဘောကို အံ့သြမိရ၏။ ဟိုတုန်း၊ ဟိုတုန်းတွေကဆိုလျှင် အမာသည် ကိုကိုလတ်နှင့်တကွ သူနှင့် ပတ်သက်သမျှသော အကြောင်းတွေကို သိလိုလှ၍ ဂရုတစိုက် မေးမြန်းခဲ့သည်။ သို့သော်... ခုတော့ ကိုကိုလတ်ကိုယ်တိုင်က လိုလိုလားလား ဖွင့်ပြောသည်ကိုပင် အမာတစ်ယောက်က ငြင်းဆိုလိုက်ခြင်းအတွက် ကိုကိုလတ်သည် စဉ်းစား၍မရခဲ့ချေ...။

မည်သို့ပင်ဖြစ်စေ၊ သူ့အပေါ် အထင်လွဲနေခြင်းကို မည်ကဲ့သို့ ဖြေရှင်းရမည်ဆိုသည်ကို တွေးတောရမည်။

သူနှင့် အချို ချစ်နေကြပါသည်ဟု အမာတစ်ယောက် ခုအတိုင်း ယုံကြည်ထားမှာကိုတော့ ကိုကိုလတ်က စိုးရိမ်သည်။

ထို့ကြောင့်လည်း သူသည် အမာ့ထံ ချက်ချင်း စာကောက်ရေးသည်။ အမာက အချို့အကြောင်း သူ့ထံ နောက်ထပ်မပြောပါနှင့်၊ မရေးပါနှင့်ဟု တားမြစ်လိုက်သည့်ကြားက ကိုကိုလတ်သည် သူ့စာတွင် အချို့အကြောင်းကိုသာ ဋီကာချဲ့ခဲ့သည်။

mgyoe.com

mgyoe.com


"အမာက အချို့အကြောင်း ထပ်မပြောပါနဲ့ဆိုပေမဲ့ အစ်ကိုကတော့ ပြောရမှာပဲလေ။ ဟုတ်တယ်လေ အမာက အစ်ကို့အပေါ် အထင်လွဲနေတာကိုတော့ အစ်ကို ဒီလိုနေလို့ ဘယ်ဖြစ်မလဲ...။

အဆိုးဆုံးကတော့ အစ်ကိုနဲ့ အချို ချစ်နေတယ်လို့ အမာစွပ်စွဲလိုက်တာပဲ။ အစ်ကို မာလာဆောင်ကို ညနေတိုင်းလိုလို သွားတယ်ဆိုတာ ဟုတ်တယ်။ အစ်ကိုနဲ့ အချို တစ်ခါတလေ ညနေဘက်တွေမှာ လမ်းလျှောက်ထွက်တယ်ဆိုတာဟာလည်း မှန်တယ် အမာ။ ဒါပေမဲ့ အမာစွပ်စွဲသလိုတော့ အစ်ကိုတို့ချစ်မနေကြဘူး၊ ယုံပါ အမာ...။

တကယ်တော့ အမာဟာ တက္ကသိုလ်လောကထဲကို မရောက်သေးလို့ အစ်ကို့ကို ခုလိုစွပ်စွဲလိုက်တာပါ။ တကယ်လို့ အမာသာ တက္ကသိုလ်ကို ရောက်လာခဲ့မယ်ဆိုရင် အဆောင်ကို သွားရုံ၊ အင်းလျားကို လမ်းလျှောက်ထွက်ရုံကလေးနဲ့ အစ်ကိုတို့နှစ်ယောက်ကို အမာ စွပ်စွဲတော့မှာ မဟုတ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ တက္ကသိုလ်လောကရဲ့ ဆက်ဆံမှုမှာက ဒါမျိုးတွေဟာ မဆန်းတော့ဘူး အမာ...။

ဒီမှာက သိပ်ပြီး လွတ်လပ်တယ် အမာ။ တက္ကသိုလ်ကို ကြည့်တဲ့အခါမှာ ဒါမှမဟုတ် လေ့လာတဲ့အခါမှာ အမာတို့ ခုတက်နေတဲ့ အထက်တန်းကျောင်းတွေကို လေ့လာသလို လေ့လာလို့မဖြစ်ဘူး။ အထက်တန်းကျောင်းမှာ ယောကျ်ားကလေးနဲ့ မိန်းကလေး နှစ်ယောက်တည်းတွဲပြီး လမ်းမလျှောက်ဝံ့ပေမဲ့ ဒီမှာတော့ အဲဒါမျိုးတွေဟာ

mgyoe.com

mgyoe.com


ရှိနေပြီ။ အဲဒီထက်ဆိုးတဲ့ စာသင်ခန်းထဲမှာ နှစ်ယောက်တည်းထိုင်ပြီး စကားပြောတာတို့၊ ဘိုင်စကုတ်ကို နှစ်ယောက်တည်းတူတူ သွားကြည့်တာတို့ ဆိုတာတွေကလည်း ရှိသေးတယ်။ ဒါပေမဲ့ အဲဒီလို အတွဲမျိုးတွေ့တိုင်း အမာ စွပ်စွဲမယ်ဆိုရင်တော့ အမာ မှားပေမပေါ့...။

ရောမမြို့ရောက်ရင် ရောမသားလို နေတတ်ရမယ်ဆိုတဲ့ သူတို့စကားပုံလို ဒီပတ်ဝန်းကျင် ရောက်လာရင် ဒီလို လူနေမှုဆက်ဆံရေးကို ကျင့်သုံးတတ်ရမယ်။ ဒီလိုကျင့်သုံးတာကိုလည်း ဘယ်သူကမှ အပြစ်မတင်ဘူး။ ဘယ်သူကမှလည်း မဟန့်တားဘူး။ အထက်တန်းကျောင်းတွေမှာ ဆရာလုပ်တဲ့လူတွေဟာ ကျောင်းသားတွေကို ပညာသင်ပေးရုံမကဘူး၊ အကျင့်စာရိတ္တနဲ့ ပေါင်းသင်းဆက်ဆံမှုတွေကိုပါ သင်ပေးတယ် မဟုတ်လား။ အဲ... အစ်ကိုတို့ဆီမှာကတော့ ဆရာတွေဟာ ပညာတစ်ခုတည်းကိုပဲ သင်ပေးတယ်။ ကျန်တဲ့ဟာတွေကိုတော့ ကိုယ့်ဘာသာကိုယ် သင်ကြားလေ့လာယူရတယ်...။

မက်ထရစ်အောင်ပြီးလို့ တက္ကသိုလ်ကိုရောက်လာကတည်းက အဲဒီကျောင်းသားရဲ့ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်သမျှတွေကိုလည်း သူ့အသိဉာဏ်နဲ့ သူ့ဘာသာဆုံးဖြတ်ခွင့်ပေးတယ်။ ကိုယ်ရေးကိုယ်တာ ကိစ္စတွေမှာဝင်ပြီးတော့ ပုံပြင်ဆုံးမခဲတယ်...။

ဒါကြောင့်မို့လည်း အမာတို့အနေနဲ့ မိန်းကလေးနဲ့ယောကျ်ားလေးနှစ်ယောက် တူတူတွဲသွားရင် ချစ်နေပါပြီ၊ ကြိုက်နေပါပြီလို့ နားလည်ထားကြတဲ့ အခြေအနေမှာ

mgyoe.com

mgyoe.com



အစ်ကိုတို့ဟာ ရိုးရိုးမိတ်ဆွေတွေအနေနဲ့ ဆက်ဆံနေတာပေါ့။ ဒီနေရာမှာ အမာတို့ ပတ်ဝန်းကျင်က လူနေမှု အဆင့်အတန်းနဲ့ အစ်ကိုတို့ ပတ်ဝန်းကျင်က လူနေမှုအဆင့်အတန်း မတူဘူးရယ်လို့ဘဲ ဆိုရလေမယ် ...။

အစ်ကိုတို့နှစ်ယောက် ဘာမှမဖြစ်ပါဘူးဆိုတာ စွဲစွဲမြဲမြဲယုံထားစမ်း အမာ၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ ဟိုအရင် စာထဲမှာ အစ်ကိုရေးခဲ့သလို သူက အစ်ကို့အပေါ် စွဲလမ်းမှု၊ စိတ်ဝင်စားမှုရှိနေတယ်လို့ ထင်တယ်။

အစ်ကို ဘာကိုပဲလုပ်လုပ် သူက ကန့်ကွက်ချင်တဲ့သဘောရှိတယ်။ သူက ဆိုင်ချင်တဲ့သဘောပေါ့လေ။ သူ အစ်ကို့ကို ချုပ်ချယ်တာဟာ အသင်းအဖွဲ့ အရေးထက် ကိုယ်ရေးကိုယ်တာ ဆန်သလိုပဲ။ ပြီးတော့ သူ့ဆီကိုမသွားရင် အချိုက စိတ်ဆိုးချင်သလိုပဲ...”

ကိုကိုလတ်သည် လှည့်စားသည့်နေရာတွင် အချိုကပင် သူ့အား တစ်ဖက်သတ် လိုလားနေဟန်ရှိသည်ဟု အမာ့ကို ပြောပြသည်။ သူကိုယ်တိုင် စွဲလမ်းမှုကိုမူ ကိုကိုလတ်သည် ရေငုံထားလိုက်သည်။

တကယ်တော့လည်း လူတကာက သူ့သဘောအမှန်ကို မသိစေချင်သောအချိန်တွင် အမာတစ်ယောက်လည်း သူ့သဘောထားအပေါ် သံသယဖြစ်ခြင်းမှ ကင်းလျှင်ပြီးရော ဆိုသည့်အနေဖြင့် ကိုကိုလတ်က အမာ့ထံ သူခြောက်ပြစ်ကင်းကြောင်း ဖြေရှင်းပြခြင်းပင်ဖြစ်၏။

ထိုအချက်ကပင် သူ၏ မပြတ်သားမှုပါဟု ကိုကိုလတ်သည် ခုမှ နားလည်လေတော့သည်။ ခုမှ သူ့မပြတ်သားမှုကို အသေအချာမြင်လာလေတော့သည်။

ဆိတ်ငြိမ်ဆန္ဒပြပွဲအပြီး မိုးမိကာ အိပ်ရာထဲတွင် လဲ၍ သူသည်

mgyoe.com

mgyoe.com



အချိုနှင့် ပတ်သက်ပြီး အချိန်ယူကာ စဉ်းစားနိုင်လေသည်။ ကိုကိုလတ်သည် အချိုနှင့် စ၍ တွေ့ကတည်းက မပြတ်သားခဲ့ရာမှ ခုထိပါလား ဟူသော သူ့အဖြစ်ကို သူက သိလာပေတော့ပြီ။

သူသည် အချိုနှင့်တွေ့ရန် ရွံ့သလို ဖြစ်နေချေပြီ။ မတွေ့ရသည်မှာ ကြာပြီဖြစ်၍လည်း တွေ့ချင်၏။ သူ့ကိုတွေ့လျှင် အချိုက ဒေါပွမည်မှာ သေချာ၏။ အချို စိတ်ကွက်လျှင် သူ့အတွက် အခက်တွေ့ပေမည်။

ကြိုတင်သိထားသည်ဖြစ်၍ အချိုက ဟိုနေ့ ဆိတ်ငြိမ်ဆန္ဒပြပွဲတွင် မပါပါနှင့်ဟု သေသေချာချာ တားခဲ့သည်။

"ဟိုတုန်း၊ ဟိုတုန်းတွေက အချို့စကား နားမထောင်တာ၊ အချို တားတဲ့ကြားထဲက ဇွတ်လုပ်တာတွေကိုတော့ ထားပါတော့လေ...ဒါပေမဲ့ ဒီတစ်ခါတော့ အချို့စကား နားထောင်စမ်းပါ။ ဒီဆိတ်ငြိမ်ဆန္ဒပြပွဲမှာ ကိုကိုလတ် မပါစမ်းပါနဲ့၊ ဟုတ်လား..." ဟု တောင်းပန်ခဲ့စဉ်က ကိုကိုလတ်သည် တိတိကျကျ မငြင်းရဲဘဲ နှုတ်ငုံအာစေးခဲ့သည်။

သို့သော်... သူက လှည့်လည်ပွဲတွင် တာဝန်ယူကာ ပါဝင်ခဲ့၏။ အချို့သဘောကို ဆန့်ကျင်ခဲ့၏။ အချို့ တားမြစ်ချက်ကို ဂရုမစိုက်ခဲ့။ အမှာ့ကိုပင် သူက ...

"ဒီကိစ္စထဲမှာ အစ်ကိုမပါဖို့ အချိုက တောင်းပန်သေးတယ်။ ဒါပေမဲ့ အစ်ကို့သဘောကို ဘယ်သူမှ ကန့်ကွက်လို့မရဘူး..." ဟု ဗန္ဒုလ ပန်းခြံထဲဝယ် ဝင့်ဝါသံဖြင့် ပြောခဲ့သေးသည်။

ယခုမူ ကိုကိုလတ်မှာ အခက်ကြုံရလေတော့ပြီ။ အချို့၏ ဆန္ဒကို ဂရုမစိုက်ခဲ့သော ကိုကိုလတ်သည် အချိုက သူ့အပေါ် ငြိုငြင်မှာကိုတော့ စိုးရိမ်တတ်ရှာသည်။

တကယ်တော့လည်း ကိုကိုလတ်သည် သူ့ဘဝမှာ အချို၏ အငြိုအငြင်ကို မခံနိုင်သော ဘဝပါလားဟု ခုမှ ပွင့်ပွင့်လင်းလင်း သိလာ

mgyoe.com

mgyoe.com



လေတော့သည်။ ဟိုတုန်း၊ ဟိုတုန်းအခါတွေက မပြတ်သားခဲ့သော သူ့စိတ်တို့ကိုလည်းကောင်း၊ သူ့ကိုယ်သူ လှည့်စားခဲ့မိခြင်းအတွက်သော်လည်းကောင်း ခုမှ သူက ဝန်ခံလေတော့သည်။

သူ မခင်ချိုကို ချစ်နေမိချေပြီတကား...။

* * *

mgyoe.com

mgyoe.com

## သုံး

ကိုကိုလတ်သည် အိပ်ရာထဲတွင် လေးရက်မျှ နေရပြီးမှ အအေးမိ၍ဖျားသည့် ဒဏ်ချက်သက်သာတော့သည်။ လေးရက်ကျော် ငါးရက်မြောက်သောနေ့တွင်မူ ကျောင်းတက်ရန် ဟန်ပြင်နိုင်တော့သည်။

ကိုကိုလတ်သည် ကျောင်းတက်ရန် ရေချိုးပြီး အဝတ်အစားလဲနေစဉ် တစ်ခန်းတည်းအတူနေ ကိုတင်မောင်က သူ့ကို စာတစ်စောင်လာပေးသည်။

“ရော့ဗျို့... ခင်ဗျား မနေ့က အိပ်ပျော်နေတာနဲ့ ကျွန်တော် ယူထားလိုက်တာ၊ မေ့နေတာနဲ့... အင့်... အင့်... စာအိတ်က အပြာကလေးဆိုတော့ ကေန္တတော့... ကေန္တပဲ...” ဟု ကိုတင်မောင်က ပြုံးပြုံးကြီးနှင့် သူ့ဝါသနာအတိုင်း ရွှတ်ရွှတ်နောက်နောက် ပြောလေသည်။

စာအိတ်ပေါ်မှ လက်ရေးကို မြင်ကတည်းက အမာ့ဆီက စာမှန်း ကိုကိုလတ်က သိလေသည်။

အစ်ကို ...

အမာ မှာထားလျက်နဲ့ မနေ့က ဘာဖြစ်လို့ မလာ

mgyoe.com

mgyoe.com



တာလဲဟင်… အိမ်မှာ အစ်ကိုကြိုက်တဲ့ ဝက်သားဟင်း အဆီများများနဲ့ အမာကိုယ်တိုင် ချက်ပြီး စောင့်နေတာ၊ တကတဲ ပေါ်လာတော်မမူဘူး။ အမေကတောင်မှ နေများ မကောင်းလို့လားဆိုပြီး စိတ်ပူနေသေးတယ်…။

အမာကတော့ မပူပေါင်၊ အကြောင်းသိကိုး၊ တနင်္ဂနွေနေ့ဆိုတော့ အားရက်မဟုတ်လား။ ကျောင်းအားရက်ကလေးမှာ တူတူတွဲပြီး လည်ကြမှာပေါ့လေ။ ကဲပါလေ… အစ်ကို့ကိုတောင် အမာက ပြန်ပြီး တောင်းပန်ပါသေးတယ်။ အလိုက်မသိဘဲနဲ့ ဖိတ်ခဲ့မိတာ ခွင့်လွှတ်ပါနော်…။

ဒါပေမဲ့ အစ်ကိုရယ်။ အစ်ကို စားစေချင်လွန်းလို့ ကိုယ်တိုင်ချက်ထားပြီး အစ်ကိုမလာတော့ အမာ သိပ်ဝမ်းနည်းတာပဲ။ အဲဒီညက အိပ်ရာထဲမှာ အမာ အမေ မသိအောင် ငိုမိသေးတယ် အစ်ကို …။

ကဲလေ… စာသိပ်ရှည်နေလို့ အစ်ကို ဟိုသွားချိန်နောက်ကျနေပါဦးမယ် …။

ညီမ
'အမာ'

ကိုကိုလတ်သည် အမာ့စာကိုဖတ်ပြီး ပြုံးလိုက်လေသည်။

"အလို… စာကိုဖတ်ပြီး ပြုံးပုံထောက်တော့ ဟိုအမျိုးသမီးဆီက စာနဲ့ တူတယ်…"

ကိုတင်မောင်ကလည်း ကိုကိုလတ်နှင့် အချို့ကို သံသယဖြစ်နေသည်သာဖြစ်၏။ ကိုကိုလတ်က ပျာပျာသလဲနှင့် …

"မဟုတ်ပါဘူးဗျာ။ ကျွန်တော့် ညီမဝမ်းကွဲလေးဆီက စာပါ။ တနင်္ဂနွေနေ့က သူတို့အိမ်မလာလို့ ဒေါပွပြီး ရေးလိုက်တာကို သဘော

mgyoe.com

mgyoe.com


ကျပြီး ပြုံးတာပါ…"

"အမယ် ခင်ဗျားမှာ ညီမတွေ ဘာတွေနဲ့လား။ လုပ်စမ်းပါဦး ဘယ်ကလဲဗျ။ ကျောင်းမှာပဲလား။ အစ်ကိုလေး ဘာလေးတော်ရအောင် စောစောစီးစီး ပြောထားနော်…"

ကိုကိုလတ်က ကိုတင်မောင်ကို ဘာမှပြန်မပြောဘဲ ပြုံးပြီးတော့သာ ကြည့်နေလိုက်သည်။ ကိုတင်မောင်သည် အစဥ်အမြဲလို နောက်တတ်သော လူတစ်ယောက်ဖြစ်မှန်း သူက သိထားလေသည်။

"ဒါပေမဲ့လည်းဗျာ… ညီမ… ညီမနဲ့ တော်တော်ကြာ ဘဂ်လားညီမ ဖြစ်နေပါဦးမယ်…"

"ဟာဗျာ… ခင်ဗျားကလည်း…" ဟု ကိုကိုလတ်သည် ပြောပြော ဆိုဆို အခန်းထဲမှ ထွက်ခဲ့လေသည်။ ကိုတင်မောင်သည် တစ်ဖက်သားကို နောက်ရမည်ဆိုလျှင် အချက်ကျကျ နောက်တတ်သော လူတစ်ယောက်ဖြစ်၍ သူနှင့် စကားပြိုင်ပြောဝံ့သူ ခပ်ရှားရှားပင်…။

ကိုကိုလတ်သည် အဆောင်မှ ထွက်လိုက်သောအခါ မရောက်သည်မှာ ကြာပြီဖြစ်သည့် သမဂ္ဂသို့ သွားလိုစိတ်ပေါက်လာ၏။ သူသည် လေးရက် အတောအတွင်း ပြောင်းလဲခဲ့သော အခြေအနေတွေကို သိလိုလာ၏။ ဟိုတစ်နေ့က သူ့ကျောင်းသားရဲဘော်များ နေမကောင်းစဥ်လာမေးတုန်းကမူ လာမည့် အင်္ဂါနေ့တွင် တပ်ဦးညီလာခံ ကျင်းပမည်ဟု ပြောသွားကြသည်။ ညီလာခံ ကျင်းပလျှင် ညီလာခံပြင်ဆင်ရေး ကော်မတီ၌ သူ့ကို ခေါင်းဆောင်ပိုင်း၌ ရွေးချယ်ထားကြောင်း ဟိုတစ်နေ့က ပြောသွားကြသည်။ တာဝန်ကို မခွဲရသေး၍ သူ မည်သည့်တာဝန် ထမ်းဆောင်ရမည်ကိုမူ ပြောမသွားနိုင်ခဲ့ကြချေ…။

ကိုကိုလတ်သည် အဆောင်မှ ထွက်လာစဥ်က ကျောင်းတက်ရန်ဟူသော ရည်ရွယ်ချက် ရှိခဲ့သော်လည်း… အဆောင်ဝရောက်သောအခါ

mgyoe.com

mgyoe.com


သမဂ္ဂအဆောက်အအုံဘက်သို့ ခြေဦးလှည့်သွားတော့သည်။

ကိုကိုလတ်သည် အဓိပတိလမ်းမကြီးကိုဖြတ်၍ သမဂ္ဂဝင်းတံခါးဆီသို့ ခြေလှမ်းလိုက်သောအခါ သူမတွေ့ဝံ့သော အချိုနှင့် မမျှော်လင့်ဘဲ သွား၍တွေ့တော့သည်။ အချိုနှင့် အဖော်နှစ်ယောက်သည် ဘွဲ့နှင်းသဘင်ခန်းမဘက်မှ လျှောက်အလာ၊ ကိုကိုလတ်ကလည်း ဘွဲ့နှင်းသဘင်ခန်းမဘက်သို့ လှည့်အကြည့်တွင် မျက်နှာချင်းဆိုင် သွားတွေ့တော့၏။

ကိုကိုလတ်က ဟန်မပျက်ပြုံးပြီး အချို့ကို နှုတ်ဆက်ရလေသည်။

"မနက်စောစောစီးစီး ဘယ်သွားမလို့လဲ အချို ..."

အချိုက သူ့အနီးတွင် လာရပ်လိုက်သည်။

"မြို့ထဲမှာ ကိစ္စနည်းနည်းရှိလို့ ..."

အချို့အဖော်နှစ်ယောက်သည် သူတို့ကိုကျော်သွားပြီး ခပ်လှမ်းလှမ်းမှ စောင့်နေကြသည်။

"ဘယ့်နှယ်လဲ ကိုကိုလတ် ပျောက်လှချည်လား။ ဘာလဲ ပါတီလုပ်ငန်းတွေက များနေလို့လား..."

"အလုပ်များလို့တော့ မဟုတ်ပါဘူး။ ကျွန်တော် ဖျားနေလို့ပါ။ ခု ဖျားပြီးကတည်းက ပထမဆုံး အပြင်ထွက်ခြင်းပဲ..."

"အင်း... အချိုလည်း ထင်တော့ထင်သားပဲ။ အအေးမိပြီး ဖျားတာမဟုတ်လား..."

ကိုကိုလတ်က အချို့ကိုကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။ စိတ်ထဲတွင်လည်း ဘယ်သူကများ သူ့အကြောင်းကို သွားပြောသလဲဟု တွေးနေမိသည်။

"အဖျားတောင် နည်းသေးတယ်။ တကတဲ ခေါင်းဆောင်ကြီးပီသလိုက်တာ။ မိုးတွေ ဒီလောက်ရွာတာတောင် ကားခေါင်မိုးပေါ်က

mgyoe.com

mgyoe.com


မဆင်းဘဲ လက်သီးလက်မောင်းတန်းပြီး အော်နေလိုက်တာ အချို အကုန် မြင်ပါတယ်...”

ကိုကိုလတ်သည် ကျောင်းပြေးသည်ကို ဆရာမိသွားသော ကျောင်းသားလေးကဲ့သို့ ခေါင်းငုံ့ပြီး မြေကြီးကို သူ့ဖိနပ်ဦးဖြင့် ထိုးဆွနေ လေသည်။

“တော်ပါတယ်... ကိုကိုလတ် တော်ပါတယ်... အတန်တန် တောင်းပန်တဲ့ကြားထဲက ...”

“ကဲ... အချို၊ လမ်းမကြီးမှာ အကြာကြီး ရပ်ပြောရတာ ကြောင်ပါ တယ်။ ပြီး... ဟိုမှာလည်း အဖော်တွေ စောင့်နေတယ်။ အားနာစရာ ကြီး...”

အချိုက သူ့ကို မသိမသာ မျက်စောင်းထိုးလိုက်သည်။

“ကဲ... ဒါဖြင့် ညနေ အဆောင်ကိုလာခဲ့၊ ဟုတ်လား...”

“အင်းလေ... လာခဲ့ဆိုလည်း လာရမှာပေါ့...”

“နောက်မနေနဲ့ အချိုတကယ်ပြောတာ၊ စောင့်နေမယ် ဒါပဲ...”

ကိုကိုလတ်က ပြုံးပြီး ခေါင်းကို ဆတ်ဆတ်ကလေး ညိတ်ပြလိုက် သည်။ ထို့နောက် သူသည် သမဂ္ဂအဆောက်အအုံဘက်သို့ ခြေလှမ်း လိုက်တော့သည်။

သမဂ္ဂပေါ်တွင် တပ်ဦးခေါင်းဆောင်များနှင့် အခြားကျောင်းသား များကို တွေ့ရသည်။

ရန်ကုန်တက္ကသိုလ် လောကဝယ် ကျောင်းသားရေးရာ လှုပ်ရှားဆုံး အချိန်မှာ ယခုကဲ့သို့ သမဂ္ဂရွေးကောက်ပွဲ နီးလာချိန်ဖြစ်သည်။ တစ်သင်း နှင့်တစ်သင်း၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ လုပ်ငန်းစဉ်အမျိုးမျိုးနှင့် ဝါဒအမျိုးမျိုး တို့ကို ချပြကာ မဲဆွယ်ကြခြင်းဖြင့် အလုပ်ရှုပ်ဆုံးဖြစ်တတ်ကြသည်။

ကျောင်းသားများမှာလည်း အမျိုးမျိုး အစားစားရှိသည်။ တချို့က

mgyoe.com

mgyoe.com


ကိုယ်ကျိုးအတွက်မဟုတ်ဘဲ ကျောင်းသားအကျိုးကိုသာ ရှေးရှုပြီး ကျောင်းသားရေးရာများကို လုပ်ဆောင်ကြ၍ တချို့ကလည်း ကျောင်းသားအရေးကို ဗန်းပြပြီး ကိုယ်ကျိုးရှာကြလေသည်။ ငါ ဒီလိုလုပ်ခြင်းအားဖြင့် တစ်နေ့ အရာရှိဖြစ်ရမယ်၊ နိုင်ငံခြား ပညာတော်သင် သွားရမယ် စသော မျှော်မှန်းချက်များဖြင့် ကျောင်းသားထုကို ခုတုံးလုပ်ကြသည်။

ကျောင်းသားလောကမှာ နိုင်ငံရေးလောကကဲ့သို့ ရှုပ်ထွေးပါသည် ဆိုသောစကားမှာ မှန်ပေသည်။ တကယ်တော့ ကျောင်းသားလောကဝယ် အတွေ့အကြုံယူ၍ နိုင်ငံရေးသမားတွေ ဖြစ်လာရသည်ပင် မဟုတ်ပါလော။

နိုင်ငံရေးလောကဝယ် အများထုကို ခုတုံးလုပ်ပြီး ကိုယ်ကျိုးရှာတတ်သလို ကျောင်းသားလောကတွင်လည်း ထိုအဖြစ်မျိုးရှိ၏။ ကျောင်းသားလောကမှ အလိမ်၊ အလှည့်နှင့် ဉာဏ်နီဉာဏ်နက်ထွင်ခြင်းများမှာ နိုင်ငံရေးလောကနှင့် တစ်ပုံစံတည်းပင်ဖြစ်သည်။ တစ်သင်းနှင့် တစ်သင်း ဝေဖန်ပြစ်တင်ရာ၌လည်း အစိုးရနှင့် အတိုက်အခံအဖွဲ့တို့၏ လေသံမျိုးထက် မလျော့ချေ။

မည်သို့ပင်ဖြစ်စေ၊ ကိုကိုလတ်သည် သူ့ကိုယ်သူ ကျောင်းသားရေးရာသက်သက်ကိုလုပ်နေသူ၊ ကိုယ်ကျိုးထက် ကျောင်းသားထုအကျိုးကိုသာ ကြည့်နေသူဟု ယုံကြည်ထားလေသည်။ ထို့ကြောင့်လည်း သဘောကျသော အသင်းအဖွဲ့မှ သူ့ယုံကြည်ချက်ကို စွဲစွဲမြဲမြဲ အကောင်အထည်ဖော်နေခြင်းပင်ဖြစ်သည်။

ကိုကိုလတ်သည် ကျောင်းတက်မည်ဆိုကာ ထွက်ခဲ့သော်လည်း သမဂ္ဂပေါ်တွင်သာ တစ်နေကုန်သွားသည်။ ညနေဘက်တွင်မှ အချို့ထံ သွားစရာရှိသည်ဖြစ်၍ လုပ်စရာရှိသောကိစ္စများကို ထားခဲ့ကာ မာလာ

mgyoe.com

mgyoe.com


ဆောင်သို့ လာခဲ့သည်။

အချိုကလည်း သူ့စကားအတိုင်း ဝရန်တာမှပင် ထွက်စောင့်နေသည်ကို အဆောင်ထဲဝင်ကတည်းက ကိုကိုလတ်သည် တွေ့ရသည်။

အချိုသည် ကိုကိုလတ်ကိုမြင်လျှင် အခေါ်ကိုပင်မစောင့်ဘဲ ပြေးဆင်းကာ ဆင်ဝင်အောက်တွင် လာတွေ့သည်။

"အချိုက လာမှလာပါဦးမလားလို့..."

"လာပါ့မယ်လို့ ပြောပြီးမှ ကျွန်တော်မလာရင် ကတိပျက်ရာကျမှာပေါ့၊ ပြီးတော့ အချိုက ခေါ်တယ်ဆိုရင် ကျွန်တော် ဘယ်တုန်းကများ ငြင်းဖူးလို့လဲ..."

အချိုက ပြုံးပြီးတော့ မျက်နှာကို လွှဲလိုက်သည်။ သူ့အပြုံးက အဓိပ္ပာယ်တစ်မျိုးဆောင်နေသည်ဟု ကိုကိုလတ်က ထင်လိုက်သည်။

"ကဲ... ဧည့်ခန်းထဲဝင်ပြီး စကားပြောရအောင်..."

"ဟင့်အင်း... ကိုကိုလတ်ရယ်..." ဟု အချိုက ငြင်းလေသည်။ ကိုကိုလတ်က အံ့သြဟန်ဖြင့် သူ့ကိုကြည့်လိုက်မိသည်။

"ဘာဖြစ်လို့လဲ အချို..."

အချိုက ချက်ချင်းအဖြေမပေးသေးဘဲ စဉ်းစားနေသေးသည်။

"အချိုက ဖရက်ရှာ မဟုတ်လား။ ဒီတော့ ဒီတက္ကသိုလ်ရဲ့ ထုံးစံတွေနဲ့ နားလည်မှုတွေကို မသိခဲ့ဘူး။ ဒါကြောင့်လည်း ဟိုတုန်းက ကိုကိုလတ်လာရင် ဧည့်ခန်းထဲမှာ တူတူထိုင်ပြီး စကားပြောခဲ့တာပဲ။ ဒါပေမဲ့ခုတော့ အဲဒီလို မလုပ်တော့ဘူး။ အချိုနဲ့ အခန်းချင်းကပ်နေတဲ့ မမတင့်ဆိုတဲ့ ကျောင်းသူကြီးက ဧည့်ခန်းထဲမှာဝင်ပြီး စကားပြောတာ သမီးရည်းစားတွေမှတဲ့..."

"သြော်... ဒါကြောင့်လား..." ဟု တိုးတိုးကလေး ညည်းကာ ကိုကိုလတ်က ဧည့်ခန်းတွင်းသို့ လှမ်းကြည့်မိလေသည်။

mgyoe.com

mgyoe.com


ဟိုတုန်းကတော့ သူတို့ကိုယ်တိုင်ကလည်း ဧည့်ခန်းတွင်းဝယ် ရှိတတ်ကြသည်ဖြစ်၍ သူတို့ပတ်ဝန်းကျင်ကို မမြင်မိ၊ ခုမှ သူက သေသေချာချာ ကြည့်မိသည်။

အခန်းညာဘက်ထောင့်စွန်းမှာ သူသိသော ဝိဇ္ဇာတန်းမှ ကျောင်းသားကြီးတစ်ယောက်နှင့် ကျောင်းသူကလေးတစ်ဦး၊ သူတို့သည် တစ်ယောက်နှင့်တစ်ယောက် ဒူးချင်းထိမတတ် မျက်နှာချင်းဆိုင်ထိုင်ပြီး စကားပြောနေကြသည်။ တစ်ခါတလေတော့လည်း သူတို့ လက်ဖျားကလေးများမှာ ထိတွေ့နေကြသည်။ နောက်တစ်တွဲကတော့ ကျောင်းသား ကျောင်းသူသစ်တွေ ဖြစ်ဟန်တူ၏။ သူတို့က ပို၍ အတင့်ရဲကြသည်။ မျက်နှာချင်း ထိလုမတတ် စကားပြောနေရာက ကျောင်းသားလေးက မချင့်မရဲဖြစ်လာ၍လော မသိ။ ကျောင်းသူလေး၏ လက်ဖျားများကို လှမ်းလှမ်းဆွဲသည်။ တစ်ခါတလေတော့လည်း ကျောင်းသူကလေးက ငြိမ်နေ၍ တစ်ခါတလေတော့လည်း ရုန်းလေသည်။ ဧည့်ခန်းအလယ်တည့်တည့်တွင် ထိုင်နေသော စုံတွဲကမူ ဣန္ဒြေရသည့် ကျောင်းသား ကျောင်းသူကြီးတွေထဲက ဖြစ်ဟန်တူ၏။ သူတို့သည် အကြောင်းအရာတစ်ခုအတွက် အစီအစဉ်တွေကို တိုင်ပင်ဆွေးနွေးနေသည်နှင့် တူ၏။ တစ်ခါတစ်ခါမှ ကျောင်းသူကြီးက သဘောကျဟန်ဖြင့် ရဲရဲနီနေသော နှုတ်ခမ်းနှစ်ခုကို ဟကာ ပြုံးလေသည်။

ခုလို သေသေချာချာကြည့်ပြန်တော့လည်း စောစောက အချို့ပြောသည်ကို သဘောပေါက်မိတော့၏။

"ကဲ... ဒါဖြင့်..." ဟု ဆိုသောအခါ အချိုက ကိုကိုလတ်ကို လှည့်ကြည့်သည်။ "အင်းလျားဘက် လမ်းလျှောက်ကြရအောင်"

"သွားလေ..." ဟု အချိုက ဆိုပြီး သူကပင် ရှေ့မှကြိုထွက်သွား၏။

mgyoe.com

mgyoe.com


သူတို့နှစ်ယောက်သည် အင်းလျားကန်ပေါင်ရိုးရောက်သည်အထိ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ အတွေးကိုယ်စီဖြင့် လမ်းလျှောက်လာကြသည်။ အင်းလျားကန်ပေါင်ရိုးရောက်မှ အချိုက...

"ဒီပေါ် တက်လျှောက်ကြရအောင် ကိုကိုလတ်..." ဟု ပြောလေသည်။ သူတို့နှစ်ယောက် ကန်ပေါင်ရိုးပေါ်ရောက်သောအခါ ညနေလေညင်းက ပိုသရမ်းလာ၏။ အချို့ ထဘီစကလေးမှာ လေတွင် လွင့်လွင့်သွား၍ အချိုက ထဘီစကို လိုက်အုပ်နေရသည်။ အချို့ ဆံယဉ်စကလေးများမှာ လေတွင် ဝဲပျံနေ၏။ ခုမှပဲ ကိုကိုလတ်သည် အချို့ကို သေသေချာချာ ကြည့်မိသည်။

အချိုသည် ပိုးတွန့်အဖြူပေါ်တွင် ပန်းပွင့်နီကြီးများဖော်ထားသော ထဘီကိုဝတ်၍ အင်္ကျီမှာလည်း ခါတိုင်းဝတ်နေကျ လက်ပြတ်ကလေးများမဟုတ်ဘဲ နိုင်လွန်အနီ လက်ရှည်အင်္ကျီဖြစ်၏။ အချို၏ အသားနှင့် ထဘီအရောင်မှာ ညနေ နေရောင်ခြည်တွင် ပနံရနေသည်။ အချို၏ ဗမာဆန်ဆန် ထုံးထားသော နောက်ထုံးရှင်ကလေးသည် လေအနှော့ဝယ် လွင့်ပါနေကြသည်။ သနပ်ခါးရေကျဲကလေးနှင့် နှုတ်ခမ်းကလေးကို မရဲတရဲ ဆိုးထားသော အချို့မျက်နှာကလေးမှာလည်း ကိုကိုလတ် မျက်စိထဲတွင် ကျက်သရေ ရှိနေတော့သည်။

အချိုက လမ်းလျှောက်နေရာမှ ကိုကိုလတ်ကို လှည့်ကြည့်သောအခါ သူ့အား ထူးထူးဆန်းဆန်း စိုက်ကြည့်နေသည့် ကိုကိုလတ်နှင့် မျက်လုံးချင်း သွားဆုံလေသည်။ အချိုက ကပျာကယာ မျက်လွှာချလိုက်ရသည်။

"ကျွန်တော့်ကို စိတ်မဆိုးဘူးဆိုရင်တော့ အချို့ကို ကျွန်တော် စကား တစ်ခွန်းလောက် ပြောချင်တယ်..."

အချိုသည် ခေါင်းငုံ့နေရာက ရင်ဖိုသွားသည်။ သို့သော် သူက

mgyoe.com

mgyoe.com


ရဲဆေးတင်လိုက်သည်။

"ပြောပါ... ကိုကိုလတ်... ကိစ္စမရှိပါဘူး..."

"အခုလို အချို ဝတ်စားလာတာဟာ သိပ်ပြီး ကျက်သရေရှိတာပဲ၊ ဗမာမှု ဗမာဟန်လည်း အများကြီးပါတယ်။ စင်စစ်တော့ ဗမာဟာ ဗမာပီသမှပေါ့။ ကိုယ့်ယဉ်ကျေးမှုကို ကိုယ်ထိန်းသိမ်းရမယ် မဟုတ်လား အချို..."

ဒီတော့မှ အချိုသည် စိတ်ထဲတွင် သက်ပြင်းချမိလေသည်။

"ချိုင်းပေါ်နေတဲ့ အင်္ကျီလက်တိုကလေးတွေ ဝတ်မယ့်အစား ခုလို အင်္ကျီလက်ရှည်ကလေး ဝတ်ထားတော့ သိပ်ပြီး ဣန္ဒြေရတာပဲ။ ကျွန်တော့်မျက်စိထဲတော့ သိပ်ပြီး ကျက်သရေရှိနေတာပဲ။ ပြီးတော့ ဆံပင်ကလည်း ခုလို နောက်ထုံးရှင်ကလေး ထုံးထားတာ ကျွန်တော် သဘောအကျဆုံးပဲ။ ကျွန်တော့်မှာ ညီမတစ်ယောက်သာရှိရင် သူ့ကို နေ့တိုင်း နောက်ထုံးကလေးပဲ ထုံးခိုင်းမယ်၊ တကယ်ပါ အချို..."

အချိုက ပြုံးလိုက်သည့်အတွက် ကိုကိုလတ်က သူ့စကားကို သူ့ ဘာသာ ထောက်ခံလေသည်။

"အင်းလေ... ဟုတ်ပါတယ်၊ အချိုက ကိုကိုလတ် ပြောတာတွေကို မဟုတ်ပါဘူးရယ်လို့ ဆိုလို့လား..."

"အချိုက ပြုံးလိုက်တာကိုး..."

"သြော်... ဒါကတော့ ကိုကိုလတ်စိတ်ကို အချိုက အံ့ဩပြီး ပြုံးလိုက်တာပါ။ ကိုကိုလတ်လို လူမျိုးက အလှအပတို့၊ ကျက်သရေရှိတာတို့ကို ဂရုစိုက်တယ်ဆိုတော့ သိပ်ပြီးအံ့ဩသွားမိလို့ပါ..."

"ဘာရယ်ဗျ..." ကိုကိုလတ်က ကလေးဆိုးကြီးလို တိုတိုတုတ်တုတ် မေးလိုက်လေသည်။ "အလှအပကို ကျွန်တော်က ဂရုမစိုက်ရအောင် လူမဟုတ်လို့လား..."

mgyoe.com

mgyoe.com


"ကိုကိုလတ်ကို ဒီလိုမဆိုလိုပါဘူး။ ကိုကိုလတ်က ပါတီသမား တစ်ယောက် မဟုတ်လား။ ပါတီသမားတစ်ယောက်ဆိုတာကလည်း ကိုယ့်ပါတီက ချမှတ်ပေးတဲ့ လမ်းစဉ်တွေကို နေ့မအား ညမအား လုပ်တာကလွဲပြီး တခြားဘာကိုမျှ စိတ်ဝင်စားရသေးလို့လဲ..."

"အို... ဒါကတော့ လုပ်ငန်းက လုပ်ငန်း၊ ကြည်နူးမှုနဲ့ သာယာမှုတွေကို ခံစားတတ်တဲ့အသိက တခြားပါ။ ပြီးတော့ အချိုပြောသလို ကျွန်တော်ဟာ ပါတီသမားတစ်ယောက် မဟုတ်ပါဘူး။ ပါတီဆိုတဲ့ စကားက နိုင်ငံရေးဘက် နွယ်ပါတယ်။ ကျွန်တော်တို့က အသင်းအဖွဲ့ ပါလေ..."

"ကဲလေ... ပါတီပဲဖြစ်ဖြစ်၊ အသင်းအဖွဲ့ပဲဖြစ်ဖြစ် သဘောကတော့ ဒီသဘောပါပဲ။ ကိုကိုလတ်ကို တခြားလူ ဝတ်တာ စားတာတွေကြည့်ပြီး သာယာမှု ခံစားတတ်တာကို အချိုက အံ့ဩပါတယ်ဆိုတော့ ကိုကိုလတ်က လက်မခံချင်ဘူး။ တကယ်တော့ ကိုကိုလတ်ဟာ တခြားလူတွေရဲ့ ဝတ်တာ စားတာကြည့်ပြီး သဘောကျတာကိုမပြောနဲ့၊ ကိုယ့်ကိုယ်ကိုယ်တောင်မှ သေသေသပ်သပ်ဖြစ်အောင် ဝတ်တတ် စားတတ်ရဲ့လား..."

ကိုကိုလတ်က အချိုမေးသည်ကို မဖြေဘဲ ငြိမ်နေလိုက်သည်။

"ကိုကိုလတ် မဖြေပေမဲ့ အချို သိပါတယ်လေ။ ကိုကိုလတ်မှာ အလုပ်တွေ သိပ်များနေလို့ အဝတ်အစားကိုတောင်မှ သေသေသပ်သပ် ဝတ်နိုင်လောက်အောင် အချိန်မရဘူး မဟုတ်လား..."

"ဒီလိုလည်း မဟုတ်ပါဘူး။ ကျွန်တော်ကိုယ်တိုင်က အဲဒီလို အဝတ်အစားကို ကျကျနနဝတ်ဖို့ ငယ်ငယ်ကတည်းက ဝါသနာမပါခဲ့လို့ပါ။ ကျွန်တော့်သဘောကတော့ ဖြစ်သလိုနေ၊ ဖြစ်သလိုစား၊ ဖြစ်သလိုဝတ် ဒါပဲ..."

"အဲ... အဲဒါကြောင့်ပဲ၊ အချိုကလည်း ကိုကိုလတ်ကို ပါတီသမား

mgyoe.com

mgyoe.com


တစ်ယောက်ပါလို့ ဆိုတာပေါ့…” ဟု အချိုက အားရပါးရပြောလေသည်။ “ကိုကိုလတ် စိတ်ထဲမှာ အချို့ကို မဆီမဆိုင် ချုပ်ချယ်ရန်ကောလို့ တစ်ခါတလေ ထင်ကောင်းထင်မယ်။ ထင်မှာပါပဲလေ။ ဒါပေမဲ့ ထင်ရင်လည်း ထင်၊ အချို့မှာ စေတနာရှိတယ်။ ဘယ်လိုစေတနာလည်း ဆိုတော့ ကိုယ့်အခင်ဆုံး မိတ်ဆွေတစ်ယောက် ကောင်းစားရေးပဲ။ အခြေအနေကို မပြတ်လေ့လာရမယ်ဆိုတဲ့စကားဟာ ကိုကိုလတ်တို့ ကွန်မြူနစ်တွေရဲ့ လက်သုံးစကားပါ။ ကဲ… အဲဒီစကားအတိုင်း ကိုကိုလတ်ရဲ့ အခြေအနေကို ပြန်လေ့လာကြည့်စမ်းပါဦး။ ကိုကိုလတ်ဟာ ကျောင်းသားတစ်ယောက်ပါ။ အချိန်ကုန်၊ ငွေကုန်ခံပြီး ပညာကို သင်ပါ့မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီကိုရောက်လာတဲ့ လူတစ်ယောက်၊ ပြီးတော့ ဒို့ပြင်လူတွေထက်ပိုပြီးတော့ ကိုကိုလတ်မှာ ပညာကြိုးစားရမယ့် အခြေအနေကလည်း ရှိသေးတယ်။ ကိုကိုလတ်ဟာ နှစ်ခါကျသမား။ ဒီနှစ်ကျရင် သုံးခါကျထဲပါပြီး ကျောင်းထွက်ရတော့မယ်။ ကဲ… ဒီလိုအခြေအနေမျိုးမှာ ပညာကို ကြိုးစားမသင်ဘဲ ဟိုအရေး၊ ဒီအရေးတွေကို ကြိုးစားပမ်းစား လိုက်လုပ်နေတာဟာ မှန်တယ်လို့များ ထင်နေသလား…”

“မှန်တယ်လို့ဆိုရင် ကျွန်တော့်ကို အချို ဒေါမပွရဘူးလေ…”

“ဘာ… မှန်တယ် ဟုတ်လား…”

ကိုကိုလတ်က ခေါင်းညိတ်ပြလေသည်။

“အချိုပြောသလို ကျွန်တော်ဟာ ပညာသင်ဖို့တစ်ခုတည်းအတွက် ဒီတက္ကသိုလ်ကို ရောက်လာတာရယ်၊ ပြီးတော့ နှစ်ခါကျပြီး သုံးခါကျက လွတ်အောင် စာကို သူများထက်ကြိုးစားရပါမယ် ဆိုတာတွေဟာ မှန်ပါတယ်။ ဒါပေမဲ့ အဲဒီအခြေအနေကို မြင်တဲ့အမြင်က အင်မတန်ကျဉ်းမြောင်းတဲ့အမြင်ပါ… ကိုယ်ကျိုးတစ်ခုတည်းကို ကွက်ကွက်ကလေးကြည့်ပြီး မြင်တဲ့အမြင်မျိုးပါ။ တကယ်တော့ ကျွန်တော်တို့ဟာ အများ

mgyoe.com

mgyoe.com


အကျိုးအတွက် ကိုယ်ကျိုးကိုစွန့်လွှတ်ပြီး လိုလားချက်တွေအတွက် လှုပ်ရှားမှုတွေ လုပ်နေကြတာပါ…"

အချိုက နှုတ်ခမ်းကလေး မသိမသာရွဲ့ပြီး မဲ့မဲ့ကလေး ပြုံးလိုက်လေသည်။

"လိုလားချက်တွေအတွက် လှုပ်ရှားမှုတွေတဲ့။ ဘယ်တော့မှ တောင်းလို့မဆုံးတဲ့ လိုလားချက်တွေအတွက် လှုပ်ရှားမှုတွေပါ ကိုကို လတ်ရယ်…"

"ဒီလိုမပြောနဲ့လေ၊ လိုလားချက်ဆိုတာကလည်း ကျွန်တော်တို့ တောင်းချင်တိုင်းတောင်းလို့ ဖြစ်တာမှမဟုတ်တဲ။ မကျေနပ်မှု၊ တရားမျှတမှုမရှိမှ တောင်းလို့ရတာပါ။ ပြီးတော့ ပျင်းတယ်ဟေ့ဆိုပြီး လှုပ်ရှားမှု လုပ်လို့ရတာလည်း မဟုတ်ဘူး။ အခြေအနေက တကယ်တမ်းပေးအပ်လာမှ ဒါမျိုးက လုပ်လို့ရတာ။ တစ်လောက ဗမာပြည်ကိုလာသွားတဲ့ ကမ္ဘာကျောင်းသားသမဂ္ဂအဖွဲ့ချုပ် ကျောင်းသားခေါင်းဆောင် နိုင်ဂျီးရီးယား အမျိုးသားက ဗမာပြည်မှာရှိတဲ့ ကျောင်းသားတွေဟာ ကျောင်းသားဘဝမှာ ရှိနေနိုင်ရေးအတွက် တိုက်ပွဲတွေဝင်ပြီး လှုပ်ရှားမှု ပြုလုပ်နေကြရတယ်လို့ ပြောသွားတယ်။ ပညာရေး အသုံးစရိတ်တွေနည်းလို့ တိုးပြီးပေးဖို့ ကျွန်တော်တို့က တောင်းဆိုနေရတယ်။ သုံးခါကျ ကျောင်းထုတ်စနစ်ဆိုးကြောင့် ကျောင်းထွက်ရမယ့် ကျောင်းသူ ကျောင်းသားတွေအတွက် ကျောင်းမထွက်ရအောင် တိုက်ပွဲဝင်နေကြရတယ်…။ အောက်တိုဘာအရေးတော်ပုံကြောင့် ရာသက်ပန် ကျောင်းထုတ်ခံရတဲ့ ပညာသင်ချင်လျက်နဲ့ မသင်ရတဲ့ ကျောင်းသားတွေ ကျောင်းပြန်ဝင်ခွင့်ရရေးအတွက် တောင်းဆိုနေရတယ်…။ ကဲ… ဒါတွေဟာ လုပ်သင့်လုပ်အပ်တဲ့ အခြေအနေတွေပဲ မဟုတ်လား…"

ကန်ပေါင်ရိုးဆုံးသွား၍ သူတို့နှစ်ယောက်သည် လာလမ်းသို့ ပြန်

mgyoe.com

mgyoe.com



လှည့်ကြသည်။

"ဒါပေမဲ့ ကျွန်တော်တို့ရဲ့ လှုပ်ရှားမှုတွေ၊ တောင်းဆိုချက်တွေဟာ မှန်ကန်ပါလျက်နဲ့ အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့ဘူး။ ဒါဟာ ဘာလဲဆိုတော့ ကျွန်တော်တို့ ကျောင်းသားအချင်းချင်း သဘောကွဲလွဲပြီး စည်းလုံးမှုမရှိလို့ဘဲ... ဒီအက်စ်အိုကလည်း သူ့အသင်းမှ တကယ့်အသင်း၊ သန့်ရှင်းကလည်း သူ့ဝါဒမှ တကယ့်ဝါဒဆိုတဲ့ နိုင်ငံရေးလောကထဲက အသင်းအဖွဲ့တွေလို ပါတီစိတ်မွေးပြီး တစ်သင်းနဲ့တစ်သင်း အတိုက်အခံ လုပ်နေကြတာဟာ အင်မတန်လွဲမှားနေတဲ့ အချက်ပဲ။ ကျွန်တော်ကတော့ ကျောင်းသားညီညွတ်ရေးကို သိပ်ပြီး ဖြစ်စေချင်တယ်..."

"ညီညွတ်ရေးဆိုတာက ဝါဒချင်းတူမှ ဖြစ်နိုင်တာပါ ကိုကိုလတ်ရယ်..."

"အဲဒါကိုက ခက်တာပေါ့။ ဒီအက်စ်အိုနဲ့ တပ်ဦးဟာ တစ်ယောက်နဲ့တစ်ယောက် ရည်ရွယ်ချက်ချင်းတူကြတဲ့ ကျောင်းသားအဖွဲ့အစည်းတွေ ဖြစ်ပါလျက်ကနဲ့ ကမ္ဘာ့ရန်သူကြီးတွေလို သဘောထားနေကြတယ်။ တစ်သင်းနဲ့ တစ်သင်း စွပ်စွဲနေတာနဲ့ အချိန်ကုန်တာပဲ...။ တကယ်တော့ တစ်ယောက်နဲ့တစ်ယောက် စွပ်စွဲနေကြတာဟာ မသင့်တော်တဲ့ကိစ္စပါ။ တစ်ဖက်သားကို စွပ်စွဲပြီးမှ ကိုယ့်အတွက် အားပေးထောက်ခံမှုရ ရမယ်ဆိုတဲ့ သဘောကလည်း မှုမမှန်ပါဘူး။ ဒီလို စွပ်စွဲနေသမျှ ကာလပတ်လုံးလည်း ကျောင်းသားညီညွတ်ရေးရဖို့ ဝေးသေးတယ်..."

"ဒီစကားတွေကို အချို့ကိုပြောပြမယ့်အစား ကိုကိုလတ်တို့ ခေါင်းဆောင်တွေကို ပြောပြပါလား..."

အချိုက ခပ်ရွဲ့ရွဲ့ပင် ပြောလိုက်သည်။

"ပြောပါတယ် အချို။ အခွင့်အရေးရသမျှတော့ ကျွန်တော်

mgyoe.com

mgyoe.com


ကျောင်းသားညီညွတ်ရေးအတွက် တင်ပြဆွေးနွေးတာပဲ… ကျွန်တော်တို့ဘက်ပိုင်းက လူတွေက ညီညွတ်ရေးကို လိုလားကြပါတယ်။ ညီညွတ်ရေးအတွက်လည်း လက်လှမ်းကြမှာပါပဲ။ ခုလာမယ့် တပ်ဦးညီလာခံမှာတောင် ဒီအက်စ်အိုအဖွဲ့ရဲ့ ကိုယ်စားလှယ်တွေကို ဖိတ်ဖို့ စီစဉ်ထားတယ်။ ပြီးခဲ့တဲ့ ဆိတ်ငြိမ်ဆန္ဒပြပွဲတုန်းကဆိုရင်လည်း ကျွန်တော်တို့က လက်ကမ်းခဲ့တာပဲ မဟုတ်လား။ လက်မခံတာက အချိုတို့ဘက်ကပါ"

ဆိတ်ငြိမ် ဆန္ဒပြပွဲပါဟူသော အသံကို ကြားလိုက်ရသောအခါ အချိုက မရယ်ချင့်ရယ်ချင်နှင့် အသံထွက်အောင် ရယ်လိုက်လေသည်။

"ဒါတော့ ကိုကိုလတ်တို့က ညာကြတာကိုး။ ဒီပြင်လူ ညာတာကို မပြောနဲ့။ ကိုကိုလတ်တောင် အချို့ကို ညာသေးတာပဲ။ အဲဒီတုန်းကလေ ကိုကိုလတ်ကို တော်တော်လေး ဒေါပွမိတယ်။ တွေ့လိုက်ရင်တော့ စိတ်ဆိုးဆိုးနဲ့ ကြိမ်းလိုက်မယ်ဆိုပြီး စိတ်ထဲမှာ တေးထားတာ အများကြီးပဲ။ သုံးရက်လောက်အထိ ဒေါသက မပြေသေးဘူး။ စာရေးပြီးတောင် ခေါ်မလို့… အင်း… ဖျားလိုက်တာကပဲ ခုတော့ ကောင်းသလိုလိုဖြစ်နေပြီ။ နို့မို့ရင် တစ်ယောက်နဲ့တစ်ယောက် စိတ်ဆိုးပြီး စကားမပြောဘဲ ဖြစ်ရင်ဖြစ်သွားကြမှာ…"

သူတို့နှစ်ယောက်သည် ကန်ပေါင်ရိုးပေါ်မှဆင်းပြီး အင်းလျားလမ်းအတိုင်း ဆက်လျှောက်ကြပြန်သည်။

"စိတ်ဆိုးပြီး တစ်ယောက်နဲ့တစ်ယောက် စကားမပြောရအောင် ကျွန်တော်တို့က ကလေးတွေမှမဟုတ်ဘဲ…။ ဒါပေမဲ့ ကျွန်တော်က တစ်ခါတလေ ကလေးဆန်တယ်။ အချိုက ကျွန်တော့်ကို မခေါ်ရင် ကလေးတွေလို လက်ညှိုးနဲ့ လက်ခလယ် နှစ်ချောင်းထိုးပေးပြီး ဒါအခေါ်၊ ဒါမခေါ်ဆိုပြီး အချို့ကို ဆွဲခိုင်းမှာပဲ…"

"ဒီလိုဆိုရင် အချိုကတော့ အခေါ်ကို တံတွေးဆွတ်ပြီး ဆွဲလိုက်

mgyoe.com

mgyoe.com



မှာပေါ့"

သူတို့နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အားရပါးရပြုံးလိုက်ကြလေသည်။ အချိုကဆိုလျှင် နဖူးပေါ် ဝဲကျလာသော ဆံစကလေးများကို လက်ဖဝါးနှင့်ဖယ်လိုက်ကာ ပါးချိုင့်ကလေးများ ပေါ်လာသည်အထိ ပြုံးလိုက်လေသည်။

ကိုကိုလတ်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးလိုက်ပြီး သူတို့မျက်နှာများ လွှဲလိုက်ကြသောအခါ ကိုတင်မောင်ကို မမျှော်လင့်ဘဲ မျက်နှာချင်းဆိုင်မှ လာနေသည်ကို တွေ့ရလေတော့သည်။ ကိုတင်မောင်သည် ကိုကိုလတ်ကို တွေ့လျှင် "ဟော့...ကိုလတ်" ဟု ခေါ်ပြီး အနားသို့ကပ်လာ၏။ အနားရောက်လျှင် အချို့ကိုကြည့်ပြီး ကြောင်အမ်းအမ်းကြီး ဖြစ်နေလေသည်။ ထို့ကြောင့် ကိုကိုလတ်က သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးရသည်။

"ဩော်... မိတ်ဆက်ပေးရဦးမယ်။ ဒါက ကျွန်တော်နဲ့ တစ်ခန်းတည်း၊ တစ်တန်းတည်းဖြစ်တဲ့ ကိုတင်မောင်တဲ့။ သူကတော့ မာလာဆောင်က မခင်ချိုတဲ့ ကိုတင်မောင်"

ကိုတင်မောင်နှင့် အချိုတို့သည် အသိအမှတ်ပြုဟန်ဖြင့် တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြသည်။

"ကျွန်တော် ခင်ဖျားကို လိုက်ရှာနေတာပဲ။ အရေးကြီးတဲ့ ကိစ္စတစ်ခု ရှိလို့..."

"ဟင်... ဘာများလဲ"

"စောစောက လူတစ်ယောက် စာလာပေးသွားတယ်... ခင်ဖျားညီမလေးဆီကတဲ့။ ပြီးတော့ သိပ်ပြီးအရေးကြီးတယ်လို့လည်း မှာသွားသေးတယ်..."

"ဟုတ်လား... ဒါဖြင့် စာကောပါသလား..."

mgyoe.com

mgyoe.com


"ဘယ်ပါမလဲ၊ အခန်းထဲမှာ ထားခဲ့တယ်..."

"ကဲ... ဒါဖြင့် ခင်ဗျားပြန်နှင့်ဗျာ၊ ကျွန်တော် သူ့ကိုလိုက်ပို့ပြီး လာခဲ့မယ်..."

ကိုကိုလတ်တို့သည် အလာတုန်းကကဲ့သို့ အေးအေးဆေးဆေး မဟုတ်တော့ဘဲ မာလာဆောင်သို့ မြန်မြန်ကလေး ပြန်ခဲ့လေသည်။ တစ်လမ်းလုံးတွင်လည်း ကိုကိုလတ်သည် စကားတစ်လုံးမျှမပြောဘဲ အရေးကြီးတယ်ဆိုတော့ အမာတစ်ယောက် ဘာဖြစ်လို့များလဲ။ ဒါမှ မဟုတ် ဒေါ်ဒေါ်များလား။ ဒါမှမဟုတ် ဂျပန်မလေးများလား။ တစ်ခါမှ လူကြုံနဲ့ စာမပေးဖူးပုံထောက်တော့ တော်တော့်ကို ကိစ္စအရေးကြီးပေ မည်။ လူကြုံဆိုတာကလည်း ဘယ်သူများပေလိမ့်။ သူနဲ့တွေ့ရ အကောင်း သား။ ဟိုတစ်နေ့က အမာက သူ့အဖေ နယ်ထွက်နေသည်ဟူ၍ ပြော သွားသည်။ အကယ်၍ တစ်ခုခုအရေးကြုံလျှင် လူကြီးမရှိဘဲ သားအမိ တစ်တွေ ဒုက္ခတွေ့ကြလေမည်ဟူသော တွေးလုံးများကိုတွေး၍ ခြေလှမ်း ကျဲကျဲဖြင့် လမ်းလျှောက်ခဲ့လေသည်။ အချို့မှာလည်း ကိုကိုလတ် ခြေလှမ်းကို အမီလိုက်နေရ၍ စကားမပြောနိုင်ချေ။

မာလာဆောင်ရောက်လျှင် ဝင်းအတွင်းသို့ မဝင်တော့ဘဲ အချို့ကို နှုတ်ဆက်ကာ ကိုကိုလတ်သည် အဆောင်သို့ ပြန်ခဲ့သည်။ သူ့အဆောင် ရောက်သောအခါ လှေကားကိုပြေးတက်၍ အခန်းရှိရာသို့ ခြေလှမ်း သွက်သွက်ဖြင့်သွား၏။ အခန်းတွင်းသို့ ဝင်လိုက်သောအခါ ကိုတင် မောင်နှင့်အတူ အခြားအခန်းများမှ သူ့သူငယ်ချင်း သုံးလေးယောက် ကိုပါ တွေ့ရလေသည်။ သူတို့မျက်နှာတွေမှာလည်း ပြုံးစိစိဖြစ်နေကြ ၏။ ကိုကိုလတ်သည် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။

"ကိုတင်မောင် ဟိုစာဘယ်မှာလဲဗျ..."

အားလုံး တစ်ယောက်မျက်နှာကို တစ်ယောက် ပြုံးစိစိဖြင့် လှမ်း

mgyoe.com